"ကိုနိုင်မျိုး ... ...

တစ်နေ့တွင် ထောင်စာအုပ်များနှင့် ပတ်သက်၍ စကားပြောကြရင်း သူက တစ်ချက် တစ်ချက် ခံစားချက်ပါသောထောင်အတွေ့အကြုံများ ပြောထွက်လာသည်။ သူ့စကားများက ဆန်းလှသည်။ ယနေ့ အင်းစိန်ထောင်အတွင်း လည်ပတ်နေသော ပင်မယန္တရားများ၏ မူလအဆာကို သူကောင်းကောင်း သိနေသည်ကော..."

# ဝဋ်ကြိုး

(တောင်လုံးမြှိန်)

နိုင်မျိုး



mgyoe.com

"ကိုခိုင်ပျိုး … …

တစ်နေ့တွင် ထောင်တအုပ်များနှင့် ပတ်သက်၍ စကားပြောကြရင်း သူက တစ်ချက် တစ်ချက် ခံစားချက်ပါသောထောင်အတွေ့အကြုံများ ပြောထွက်လာသည်။
သူ့စကားများက ဆန်းလှသည်။ ယနေ့ အင်းစိန်ထောင်အတွင်း လည်ပတ်နေသော ပင်မယန္တရားများ၏ မူလအစကို
သူကောင်းကောင်း သိနေသည်ကော…"



WIN MYINT OO
2013

mgyoe.com

ကံ့ကော်ဝတ်ရည်
http://kantkawwutyee.myanmaronlinesales.com
တွင်ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပထမအကြိမ် - | အောက်တိုဘာလ၊ ၂၀၁၃ ခုနှစ်။ |
| | ကံ့ကော်ဝတ်ရည်စာပေ |
| အုပ်ရေ - | ၅၀၀ |
| မျက်နှာဖုံးပုံနှိပ် - | ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက် |
| | အမှတ်-၉၆/ခ၊ ၁၁-လမ်း၊ |
| | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် - | စွယ်တော်ပုံနှိပ်တိုက် |
| | အမှတ် (၁၄၇)၊ (၅၁) လမ်း၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ - | ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ |
| | ၂၂၊ မဟာဗေယျာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ |
| | ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း - | ဝင်းမြင့်ဦး |
| တန်ဖိုး - | ၁၄၀၀ ကျပ် |

၈၉၅.၈၃

မာန်(တောင်လုံးပြန်)၊ ခိုင်မျိုး

ထောင်ဂျပိုး/ မာန်(တောင်လုံးပြန်)၊ ခိုင်မျိုး။ - ရန်ကုန်။

ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်။

စာမျက်နှာ-၁၅၂၊ ၁၃×၂၀ စင်တီမီတာ။

(၁) ထောင်ဂျပိုး

mgyoe.com


mgyoe.com

SAMPLE BOOK

# ထောင်ကျိုးမာန်

## ခိုင်မျိုး

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်- ၂၂၊ မဟာဗေဃျလမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၃၉၆၅၀ ၊ ၀၉ ၇၃၀၄၁၁၃၇
e mail: kantkawwutyee@gmail.com
http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက် ကြည့်ရှု မှာယူနိုင်ပါသည်။



mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ

ဤစာအုပ်၏ ဇာတ်ကြောင်းပိုင်ရှင် ကိုခိုင်မျိုးအကြောင်း နည်းနည်း ပြောပြချင်သည်။

သူ့အကြောင်း မပြောခင်…

ကျွန်တော့်စာပေ ခရီးကြမ်းကို နည်းနည်းပြောပြပါဦးမည်။ တခြားသူများကို ကျွန်တော် မပြောတတ်။ ကျွန်တော် ဖြတ်သန်းရသော ရသစာပေခရီးလမ်းသည် ဂေါ်ဂင်၊ ဗန်ဂိုးတို့နှင့် တူလှသည်။ ပင်ပန်း ခက်ခဲကြီးစွာ အားထုတ်ပါသော်ငြား ရရှိလာသော အကျိုးကျေးဇူးမှာ ခေါင်းပါးချို့ငဲ့လွန်းလှသည်။ စာအုပ်တစ်အုပ် ရေးပြီဆိုလျှင် စာအုပ် ဖြစ်ရန် ကျွန်တော် ပြင်းစွာအားထုတ်ရသည်။ အချိန်၊ လေ့လာအားထုတ်မှု၊ စဉ်းစားဆင်ခြင်မှုတို့ တလှေကြီး ဖြည့်ဆည်းရသည်။ စာအုပ်ထွက်ချိန်တွင် ကျွန်တော့်မှာ ဘာမှမကျန်တော့။ ခဏ ခဏ ထုတ်သုံးမိသော စာမူခကြောင့် လက်ကျန်ငွေကြေးအရ လည်းကောင်း၊ အသိအမှတ်

mgyoe.com

mgyoe.com SAMPLE BOOK



ပြုခံရမှု၌ လည်းကောင်း သိပ်မဟန်လှ။ ထိုအခါ ထိုစာအုပ်ကို ကျွန်တော် မေ့ပစ်လိုက်သည်။ တချို့စာအုပ်များမှာ ပြန်ကြည့်စရာ လက်ကျန်စာအုပ်ပင် မရှိတော့။ နောက်စာအုပ်တစ်အုပ်ကို တည်ဆောက်မိချိန်တွင် ကျွန်တော် ပြန်၍ အားထုတ်ရပြန်သည်။ ကျန့်ဝါတွေ ကျွန်တော် မတွေးတော့။ ဂေါ်ဂင်တို့၊ ဗန်ဂိုးတို့လိုပင် သမိုင်းက စကားပြောပါစေတော့ဟု နှလုံးသွင်းမိသည်။ စာရေးရလျှင် ကျွန်တော် ပျော်နေပြီ။ ကျန်သည့်ကဏ္ဍများတွင် ကျွန်တော် ညံ့ချက်၊ ရှော်ချက်များ အပြည့်။ မိသားစုအရေး၊ မိဘမောင်နှမအရေး၊ ဆွေရေးမျိုးရေးများတွင် အညံ့ဆုံးလူ ဖြစ်ခဲ့သည်။ ထို့ပြင် ကျွန်တော်၏ သွင်ပြင်သဏ္ဍာန်ကိုက အကြောင်းမသိသူများအဖို့ အလွန်ထောင့်မကျိုးသော ဟန်ပန်မို့ နာမည်နှင့် လူပုံကို ကြည့်ကာ မိတ်ဆွေမဖြစ်ချင်လောက်သည့် ဇာတာကလည်း ရှိနေပြန်သည်။ ကိစ္စမရှိ။ စာရွက်၊ ဘောပင်နှင့် ရေးစရာ အကြောင်းအချက်တို့ ဆုံချိန်၌ ကျွန်တော့်ကမ္ဘာသည် အလွန်အင်မတန် ဆန်းကြယ်သွားလေပြီ။ ဖန်တီးရင်း ကျွန်တော် မွေ့ပျော်ကြည်နူးလို့ မဆုံးတော့။

တစ်ခါတစ်ရံတွင် စာပေရေးရာများနှင့် ဆုံမိသည့် ဖြစ်ရပ်များ၌ နည်းနည်းရေး၍ အများကြီး ပြောနိုင်သည့်သူများကို တွေ့လျှင် ကျွန်တော် အံ့သြနေသည်။ သူတို့ ဘယ်လိုများ ပြောနိုင်စွမ်းပါလိမ့်ဟူ၍ လည်းကောင်း၊ တစ်ခါတစ်ရံ သူတို့ ဘာတွေများ ဒီလောက်တောင် ပြောနေပါလိမ့်ဟူ၍လည်းကောင်း အံ့သြကြီးစွာ ဖြစ်ရင်း ကျွန်တော် ကျုံ့ကာ ကျုံ့ကာ နောက်တွန့်နေမိတော့သည်။

ကံကောင်းလွန်းသော အခါကာလများတွင် လေးလေးနက်နက် ဖတ်ရှုနေသော စာဖတ်ပရိသတ်နှင့် ဆုံရတတ်သည်။ ဖုန်းပြောရတတ်

mgyoe.com

mgyoe.com SAMPLE BOOK


သည်။ ထိုအခါမျိုးတွင် ကမ္ဘာကြီးမှာ မိမိကို အသိအမှတ်ပြုသူ ရှိပါသေးလားဟုတွေးကာ ခွန်အားတိုးရတော့သည်။ ကျွန်တော့်အဖြစ်က ရှေ့က ရှိခဲ့ကြသည့် ဆရာ၊ ဆရာမကြီးများကိုလည်း မမီ၊ လက်ရှိ လူသိထင်ရှား လက်စောင်းထက်နေသော ဆရာ၊ ဆရာမများနှင့်လည်း မတူ။ နေ့နေ့ညည ဖတ်ရသည်။ ရေးရသည်။ သို့ရာတွင် ရပ်တည်ရေးကိုပင် ဟန်လှသည်မဟုတ်။ ခေတ်ကောင်းကိုမျှော်ရင်း၊ စာအုပ်တွေ ထွက်နေရင်း ကိုယ်တိုင်ပျောက်ဆုံးနေရသည့်အဖြစ်။ ဤသည်ကား ကျွန်တော် ဖြတ်သန်းရသော ရသစာပေခရီးကြမ်းအစစ်ပင်။

ကိုခိုင်မျိုး။

သူက ကျွန်တော်နှင့် တစ်ရပ်ကွက်တည်းသား။ ကျွန်တော့်ထက် ဆယ်နှစ်လောက် ကြီးသည်။ စာပေနယ်ရောက်မှ ခင်မင်သိကျွမ်းရသည်။ ပြောကြ ဆိုကြရင်း တစ်နေ့တွင် ထောင်စာအုပ်များနှင့် ပတ်သက်၍ စကားပြောကြရင်း သူက တစ်ချက် တစ်ချက် ခံစားချက်ပါသော ထောင်အတွေ့အကြုံများ ပြောထွက်လာသည်။ သူ့စကားများက ဆန်းလှသည်။ ယနေ့ အင်းစိန်အကျဉ်းထောင်အတွင်း လည်ပတ်နေသော ပင်မယန္တရားများ၏ မူလအထာကို သူ ကောင်းကောင်း သိနေသည်ကော။ ကျွန်တော့်က သူ့ကို စည်းရုံးသည်။ ခင်ဗျား ပြော၊ ကျွန်တော် ရေးမယ်။ မူပိုင်ခွင့် တစ်ဝက်စီ ရာသက်ပန် ပိုင်ကြစတမ်းဟူ၍။ သုံးကြိမ်မြောက် ညှိနှိုင်းပြီးချိန်တွင် သူက စရံတောင်းသည်။ ထုတ်ဝေသူထံမှ စရံငါးသောင်းတောင်းကာ သူ့ကို တစ်ဝက်ပေးပြီး ကျန်တစ်ဝက်ကို သူနှင့်ကျွန်တော် အေးချမ်းစွာ စကားပြောဆိုနိုင်မည့် စားသောက်ဆိုင်တို့ကြားတွင် ငါးကြိမ်လောက် ဆုံကြရင်း အလုပ်စခဲ့သည်။ ရင်တွင်း

mgyoe.com

mgyoe.com SAMPLE BOOK



ဒဏ်ရာများသည် ထိုအခါမှသာ အန့်ထွက်လာသည်ကိုး။ သူ တော်တော် ပြောနိုင်ပါသည်။ အသံသွင်းစက်တွင် ဆယ်နာရီကျော်စာ သွင်းနိုင်ခဲ့ သည်။ ထိုပြောစကားများကို ကျွန်တော် စာစီကုံးသည်။ အပြင်ပန်းအား ဖြင့် ကျွန်တော် ဘာမှမပင်ပန်းဟု မြင်လိမ့်မည်။ ကျွန်တော် ပင်ပန်းပါ သည်။ လူတစ်ယောက် ရင်ထဲမှ ပြည်ဖုံးကား ချထားသော ဖြစ်ရပ်ဆိုး များကို အစီအစဉ်တကျ ပေါ်ထွက်လာရန် မေးမြန်းတတ်ရခြင်းသည် ပင်ပန်းမှု တစ်ရပ်၊ အဆင်ချောအောင် ရေးသား အားထုတ်ခြင်းသည် ပင်ပန်းမှုတစ်ရပ် ဖြစ်သည်။ သို့ရာတွင် ဤစာအုပ်သည် ကိုခိုင်မျိုး၏ စွမ်းအားနှင့် စေတနာ အပြည့်ပါသည်။ သူ့သားစဉ်မြေးဆက် ဤစာအုပ် ကို မူပိုင်ခွင့် ထက်ဝက်ရှိသည်။ သူ ပြောသမျှ ကျွန်တော် ရေးသားပုံ မကျွမ်းကျင်သောကြောင့် အိုင်သလို ဖြစ်ရသည်များကို ကျွန်တော် ဝန်ခံပါသည်။

မျက်မှောက်ခေတ် ထောင်စာအုပ်များ ထွက်ကြသည်။ အမှောင် ခေတ်၏ ပြကွက်များကို ပရိသတ် အလေးထား၍ အားပေးဖတ်ရှုကြ သည်။ ကျွန်တော်တို့နှစ်ဦး၏ စာအုပ်သည်လည်း လောကီလူသား၏ ဘဝဇာတ်လမ်းများ၊ ထောင်၏ ပြကွက်များကြား တစ်ခန်းတစ်ကဏ္ဍ ပါဝင်နိုင်မည်ဟု မျှော်လင့်မိသည်။

"အားလုံးကောင်းပါသည် ခင်ဗျား"

မာန်(တောင်လုံးပြန်)
mannntaunglonepyan@gmail.com

□□□

mgyoe.com

mgyoe.com SAMPLE BOOK

(၁)

**ရွှေဘုံစံ ငယ်ဘဝ**

ကျွန်တော် ကိုးရက်သားဘဝ။ ၁၉၆၀ ဇန်နဝါရီလက ကျွန်တော်ဟာ ကိုးရက်သား ကလေးဘဝပဲ ရှိသေးတယ်။ ကျွန်တော့် အဖေက အမေရိကားမှာ။ ပညာတော်သင်ဘဝနဲ့ ရောက်နေပြီ။ ပြောရရင် ကျွန်တော့်ကို ကိုယ်ဝန်ဆောင်ထားချိန်ကတည်းက အဖေဟာ ပညာတော်သင် သွားရတာပါ။ ဘွဲ့တစ်ခုရဖို့ ၁၉၆၂ အထိ ကြာအောင် နေရတယ်။ အဖေ ပြန်လာတော့ ကျွန်တော် ၂ နှစ်သား ရှိနေပြီ။ အဲဒီကာလတွေ ကတည်းက အဖေနဲ့ တွေ့ခဲ့ကြတဲ့သူတွေက ဆရာတက္ကသိုလ်ဘုန်းနိုင်တို့၊ ဒေါက်တာဘမော်ရဲ့သမီး ဥမ္မာမော်တို့၊ ဦးသန့်ရဲ့သား တင်မောင်သန့်တို့၊ စင်ကာပူအမျိုးသားတက္ကသိုလ်မှာ ပါမောက္ခလုပ်နေတဲ့ ဒေါက်တာ

mgyoe.com

mgyoe.com
SAMPLE BOOK


ခင်မောင်ကြည်တို့နဲ့ ဆုံခဲ့ဖူးတယ်။ အမေရိကား ကော်နဲလ်ယူနီဗာစီတီက ကျောင်းဆင်းချင်းတွေမို့ ရင်းနှီးကြတာ။ ဒေါက်တာခင်မောင်ကြည်က ရန်ကုန်တက္ကသိုလ်မှာလည်း စာသင်သေးတယ်။ သူနေတာ ပုဂံလမ်းမှာ နေတာ။ သူ့သားမောင်မောင်နဲ့ ကျွန်တော်နဲ့က ရွယ်တူတွေ။ အဖေက အဲဒီကို သွားလည်ရင် ကျွန်တော့်ကို ခေါ်ခေါ်သွားတယ်။ ကျွန်တော် ကလေးဘ၀က ဒေါက်တာဦးခင်မောင်ကြည်တို့အိမ် ရောက်ဖူးခဲ့တာ မှတ်မိနေတယ်။ ကျွန်တော်လည်း ခုနစ်နှစ်ကျော် ရှစ်နှစ်ထဲ ရောက်လာပြီ။

အဖေ အမေရိကား ကော်နဲလ်တက္ကသိုလ်က ယူခဲ့တဲ့ဘွဲ့က နိုင်ငံရေး သိပ္ပံဘွဲ့။ မြန်မာပြည် ပြန်ရောက်တော့ ရန်ကုန်တက္ကသိုလ်မှာ စာသင်ပေးရင်းနဲ့ တပ်မတော်ကခေါ်လို့ တပ်ထဲ ရောက်သွားရတာ။ အရပ်သားဘ၀ကနေ စစ်ထဲ ဝင်လိုက်ရတာပေါ့ဗျာ။ တော်လှန်ရေးကောင်စီ လက်ထက်မှာပါ။ အဖေ အဲဒီမှာစပြီး မတူညီတဲ့ ဘ၀နှစ်ခုကို ခံစား သွားရတာပဲ။

အဖေက အစပိုင်းမှာ အရပ်ဝတ်နဲ့ပဲ နေသေးတယ်။ နောက်ပိုင်း မှာမှ တပ်ထဲမှာ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ရတာ။ သင်ပေးရတဲ့ သူတွေက တပ်မမှူးအဆင့်ရှိတဲ့ အရာရှိကြီးတွေ။ သူ့ထက်လည်း အသက်ကြီးတယ်။

ကျွန်တော်တို့က အဲဒီကာလတုန်းက ပုဒ္ဓန်တောင်၊ တောင်လုံးပြန် ရပ်ကွက်၊ ကျောင်းလမ်းမှာ နေနေကြပြီ။ အဖေ့ကိုလည်း တပ်က ခေါ်နေ ပြီ။ ဗထူးမှာ ၆ လ သင်တန်း တက်ခိုင်းတယ်။ စစ်ထဲ ဝင်ခိုင်းတယ်။ သင်တန်းဆင်းလာတော့ နိုင်ငံရေးသိပ္ပံဘာသာကို ပို့ချပေးရတယ်။ အဲဒီ လိုနဲ့ အဖေက တပ်ထဲရောက်သွားရတာ။ ကျွန်တော့်အဖေ နာမည်ရင်းက

mgyoe.com

mgyoe.com SAMPLE BOOK



ဦးမျိုးညွန့်။ အမေက ဒေါ်စန်းစန်းညွန့်။ အဖေ စာရေးတော့ သိပ္ပမ်မျိုး ဆိုတဲ့ ကလောင်နဲ့ရေးတာ။

ကျွန်တော် ကျောင်းစနေရတဲ့အချိန်က ၁၉၆၅။ မြို့မကျောင်းမှာ သူငယ်တန်း စတက်ရတာ။ ကျွန်တော် သူငယ်တန်းလေးကနေ သူငယ်တန်းကြီး၊ ပြီးမှ တစ်တန်းကနေ သုံးလေးတန်းအထိ နေရတယ်။ ကျွန်တော် လေးတန်းရောက်တဲ့နှစ်၊ အသက်ကိုးနှစ်သားမှာ အဖေ့ကို ရန်ကင်းမှာ အစိုးရက တိုက်ခန်းပေးတယ်။ အရာရှိတိုက်တန်းတွေ။ ၂၂၇၊ ၂၂၈၊ ၂၂၉ အဲဒီတိုက်ခန်းတွဲတွေမှာ နေရတာ။ ကျွန်တော်တို့ မိသားစုကလည်း တောင်လုံးပြန်ကနေ ရန်ကင်းတိုက်ခန်းကို ပြောင်းတယ်။ ကျွန်တော့်ညီမလေးလည်း မွေးပြီးလို့ လေးနှစ်သမီးလောက် ရှိနေပြီ။ ကျွန်တော်တို့ နေရတဲ့တိုက်က တိုက် ၂၂၉၊ အခန်းနံပါတ် ၁၅ မှာ နေရတာ။ ကျွန်တော် ရန်ကင်းသား စဖြစ်တဲ့ကာလတွေပေါ့ဗျာ။

ရန်ကင်းရောက်တော့ သူငယ်ချင်းအသစ်တွေ ရလာတယ်။ ဇော်ထွဋ်နိုင်၊ ဇော်ထွဋ်ခိုင် ဆိုတဲ့ သူငယ်ချင်းတွေ တခြားသူငယ်ချင်းတွေနဲ့ ပေါင်းမိတယ်။ သူက အခု ရန်နံ့သစ်မဂ္ဂဇင်းက ကိုသက်နဲ့ ညီအစ်ကို တော်တယ်။ အခုတော့ ဇော်ထွဋ်နိုင်က ဆုံးသွားပါပြီ။ ကျွန်တော် ကျောင်း ပြောင်းပြီး တက်ရတယ်။ စိန့်ဖေးဗီးယားလို့ ခေါ်တဲ့ အ·လ·က (၂) ရန်ကင်းမှာ ကျောင်းပြောင်းတက်ရတယ်။ ရှစ်တန်းရောက်တော့ ကျွန်တော် နည်းနည်းဆိုးလာပြီ။ ၂ နှစ်ကျတွေ ဘာတွေ ဖြစ်လာပြီ။

အဖေကလည်း တပ်ထဲမှာပဲ။ စစ်တပ်က ပြည်သူ့စစ်နဲ့ ပြည်သူ့ ဆက်ဆံရေးတပ်ဖွဲ့တယ်။ ပြီးတော့မှ စိတ်ဓာတ်စစ်ဆင်ရေးတပ်ကို ဖွဲ့တယ်။ ဗဟိုနိုင်ငံရေးသိပ္ပံက ဆရာကိုကိုမောင်ကြီးတို့နဲ့ အဖေ ရင်းနှီးလာ

mgyoe.com

mgyoe.com SAMPLE BOOK


တယ်။ ဦးမေအောင် ဆိုတဲ့ မိတ်ဆွေနဲ့လည်း သိလာတယ်။ ဆရာကိုကို မောင်ကြီးဆိုတာ ဦးချစ်လှိုင်ကို ခေါ်တာ။ အဖေက ဦးမေအောင်ဆီ အလည်သွားရင် ကျွန်တော် တစ်ခါတလေ လိုက်သွားရတယ်။ ဆရာ တက္ကသိုလ်ဘုန်းနိုင်တို့၊ မကွေးကျော်ဝေတို့နဲ့လည်း အဖေ သိကျွမ်းပြီး အလည်အပတ်သွားတယ်။ အဖေ့စာအုပ်စင်မှာ ဆရာတက္ကသိုလ်ဘုန်းနိုင် လက်မှတ်ထိုးပေးထားတဲ့ ဧွေကန္တာဦးစာအုပ်တောင် ရှိသေးတယ်။ အမေရိကားမှာ ကျောင်းနေခဲ့ဖူးတယ်လို့လည်း အဖေ့ဆီက တစ်စွန်း တစ်စ ပြောတာ ကြားဖူးတယ်။

အဖေ စစ်တပ်မှာနေနေရင်း ၁၉၆၆၊ ၆၇ လောက်မှာ အဖေက ဘာသာရေးဘက်ကို တော်တော်လေး လိုက်စားလာတယ်။ အဖေ အဲဒီ အချိန်တုန်းကဖတ်တဲ့ စာအုပ်တွေထဲမှာ ကော်နဲလ်တက္ကသိုလ်က လစဉ် ပို့ပေးတဲ့ အဝါရောင်အနှောင့်နဲ့ စာအုပ်တွေ၊ သိပ္ပံနဲ့ ဆက်စပ်တဲ့ စာအုပ် တွေ ကျွန်တော် တွေ့ဖူးတယ်။ အဖေက အဲဒီကတည်းက ဗုဒ္ဓဝါဒနဲ့ သိပ္ပံအမြင်ကို ဆက်စပ်ပြီး စာအုပ်ရေးဖို့ လုပ်နေတယ်လို့ထင်တယ်။ ကျွန်တော် ဖတ်နိုင်တဲ့ စာအုပ်တွေ မဟုတ်လို့ သေသေချာချာတော့ မသုံးသပ်နိုင်ဘူး။ အဖေက တရားဘက်ကိုတော့ တော်တော်လေး လိုက် စားနေပြီ။ အိမ်မှာ တရားထိုင်တယ်။ ဝိုင်အမ်ဘီအေက မိတ်ဆွေတွေဆီ သွားလည်တယ်။ ဘာသာရေးဘက်ကို စူးစူးနစ်နစ် လုပ်နေတာတွေ တွေ့တယ်။ နောက် ဦးရဲထွဋ်ဆိုတာ ရှိသေးတယ်။ ဗိုလ်မှူးအဆင့်လောက် ရှိမယ်ထင်တယ်။ သူတို့ဆီ သွားတယ်။ ဘာသာရေး ဆွေးနွေးတယ်။

အဖေက ကျွန်တော့်ကို ငယ်ငယ်ကလေးတည်းက ပညာ အလွန်တတ်စေချင်တာ။ ပညာရေးဘက်မှာ အားနည်းချက်တွေ့ရင် မညာ

mgyoe.com

mgyoe.com SAMPLE BOOK


ဘူး။ ရိုပို့ဒ်ကတ်မှာ တစ်ဘာသာကျပြီလို့ မှင်နီတွေ့တာနဲ့ ရိုက်တာပဲ။ လုံး၀ မညှာဘူး။ ဒါက လေးတန်း ငါးတန်းကတည်းက စလာတာ။ ကျောင်းကိုတောင် ယူနီဖောင်းနဲ့ လိုက်လာပြီး ဆရာ၊ ဆရာမ လက်ထဲ အပ်တာမျိုး လုပ်တယ်။ ပညာရေးဘက်ကို တော်တော်လေး ဂရုစိုက်တာ။ ကျွန်တော်က အဖေ့ကို ချစ်လည်း ချစ်တယ်၊ ကြောက်လည်း ကြောက်တယ်။ အဖေက စည်းကမ်းပိုင်းနဲ့ ပတ်သက်ရင်လည်း လုံး၀ မရဘူး။ အဖေက စစ်တပ်မှာ စာသင်ပေးရတယ် ဆိုပေမယ့် ကျွန်တော်တို့ကျတော့ စစ်တပ်ထဲမှာ လုံး၀မနေဖူးဘူး။ ပုဇွန်တောင်မှာ နေတယ်။ နောက်တော့ ရန်ကင်းမှာ နေတယ်။ ဆယ်နှစ်သားလောက်ကနေ ဆယ့်ခုနစ်နှစ်သား လောက်အထိ နေရတယ်။ လူကလည်း လေလာပြီ။ ရှစ်တန်းမှာ နှစ်နှစ်။ ကိုးတန်းမှာလည်း နှစ်နှစ် ဖြစ်လာပြီ။ နောက်တော့ ကိုးတန်းညကျောင်း တက်ရတဲ့အဆင့်ထိ ရောက်လာတယ်။ နောက်ပိုင်းမှာတော့ ကျောင်း ဆက်မတက်တော့ဘူး။

အဖေက စည်းကမ်းကကြီးကြီး၊ ပညာတတ်စေချင်တာလည်း အလွန်ပဲ။ အဲဒီတော့ ကျွန်တော် ဖြစ်နေပုံနဲ့ကျတော့ သဟဇာတ မဖြစ်တော့ဘူး။ အမေနဲ့ပါ ကျွန်တော့်ကြောင့် ပြဿနာတွေ ဖြစ်လာတယ်။ အဖေက မနက်ဆိုရင် စစ်တပ်က လာလာကြိုတဲ့ကားတစ်စီး ရှိတယ်။ ဖယ်ရီကားပေါ့။ ဘတ်စ်ကား အငယ်စားကားမျိုး။ ရန်ကင်းက ၂၂၆ ကနေ ၂၂၉ အထိရှိတဲ့ အရာရှိတိုက်ခန်းတွေကို လာကြိုတဲ့ ကားတွေနဲ့ အလုပ်ဆင်းရတယ်။ မနက်ခုနစ်နာရီခွဲဆိုရင် အဖေတို့ အလုပ်သွားပြီ။ ကြည်း၊ ရေ၊ လေတပ်က အရာရှိတွေ ရုံးတက်ကြတယ်။ ညနေ သုံးနာရီခွဲ ဆို ပြန်လာကြပြီ။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော် လူပျိုပေါက်ဖြစ်ချိန်မှာ တော်တော်ဆိုးနေပြီ။ အဖေက အချိန်အတိအကျ စာကျက်ခိုင်းတယ်။ ကစားချိန်ဆိုလည်း ညနေငါးနာရီထက် နောက်မကျဘဲ အိမ်ပေါ်တက်၊ တစ်ခါတလေ မိသားစုလိုက် လမ်းလျှောက်ထွက်မယ်။ ဒါက အဖေ ချမှတ်ထားတဲ့မူ။ ရန်ကင်းမှာ နေစဉ်ကာလက အဖေနဲ့ နေနေတုန်း ကျွန်တော်တို့ လိုက်နာရတဲ့စည်းကမ်းတွေ။ ဒါပေမဲ့ ကျွန်တော်က ဆိုးတာပဲ။ အဖေနဲ့ အဆင်မပြေဘူး။ တကယ်တော့ အဖေဘဝကလည်း တော်တော်ကြမ်းတာ။ အဖေက လယ်သမားကြီးရဲ့သား။ ကွမ်းခြံကုန်း၊ ကော့မှူး၊ ကျူတောချောင်ဆိုတဲ့ဒေသ။ ပျော်ဘွယ်ကြီး၊ ပျော်ဘွယ်လေးဘက်က ဆက်သွားရတဲ့ ပင်လယ်နဲ့နီးတဲ့ ရွာဘက်က အဖေ လာရတာ။ လယ်သမား သားသမီးပေါ့။ အဖေတို့က ညီအစ်ကိုချည်းပဲ (၇)ယောက် ရှိတယ်။ အဖေက တတိယမြောက်သား။

အမေ့ဇာတိက ပဲခူး ကဝနယ်က။ အမေ့ရဲ့အဖေက ပညာတတ်တယ်။ အဲဒီခေတ်ကတည်းက ရန်ကုန်မှာ တက်နေတယ်။ မျိုးချစ်စိတ်လည်း ရှိတယ်။ နိုင်ငံရေးဘက်မှာလည်း စိတ်ဝင်စားတယ်။ အမေငယ်ငယ်ကတည်းက ရန်ကုန်က ရေကျော်ဘက်မှာ နေတယ်။

အဖေ့ရဲ့အဖေ ကျွန်တော့်အဘိုးဟာ ရန်ကုန်ကို လာတဲ့အခါ ဘားမင်းသတင်းစာတိုက်ပိုင်ရှင် ဦးဘချစ်တင် ဆိုတဲ့သူ့နဲ့ ဆွေမကင်းမျိုးမကင်းမို့ အဲဒီကို ဝင်ထွက်သွားလာတတ်တယ်။

အဖေ့ရဲ့ အဖေက သူ့သားသမီးတွေကို လယ်လုပ်ပြီး ဘဝမဆုံးစေချင်ဘူး။ လူကတော့ လယ်သမား။ သျှောင်ထုံးကြီးနဲ့နေတာ။ နာမည်က ဦးသောင်းဖေတဲ့။ သားသမီးအကြီးတွေကို ရန်ကုန် ပို့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK



ပညာသင်ခိုင်းတယ်။ ရေကျော်ရပ်ကွက်ထဲမှာ အိမ်ကြီးလမ်းဆိုတာ ရှိတယ်။ အဲဒီလမ်းထဲက ရှေးတုန်းက နှစ်ထပ်အိမ်ကြီးတစ်လုံးနဲ့ အဖေ့ဆွေမျိုး ကြီးဒေါ်ကြီးတွေဆီမှာ ပို့ထားတယ်။ အဖေရယ်၊ သူ့အထက်က အစ်ကိုကြီး တစ်ယောက်ရယ်၊ နောက်တစ်ယောက်ရယ် ကျောင်းနေကြတာ။ အမေကလည်း ကဝဘက်ကနေ ရန်ကုန် လာနေတယ်။ အဲဒီလိုနဲ့ တွေ့ကြတာ။ အမေ့ အဖေက မော်တော်ကားကုမ္ပဏီမှာ အလုပ်လုပ်တယ်။ ဆံပင်ညှပ်ဆိုင် ဖွင့်တယ်။ ကျွန်တော့်အဘွားက မုန့်ကြိတ်ဆုံထောင်တယ်။ အဖေနဲ့ အမေက အဲဒီမှာ တွေ့ကြတာ။ အသက်ကတော့ အဖေက နှစ်နှစ်လောက် ကြီးတယ်။ ဖူးစာဆုံခဲ့ကြတယ်ပေါ့ဗျာ။

□

## ကလေးကုန်သည်ဘဝ

ကျွန်တော် ရန်ကင်းမှာ ကျောင်းတက်ခဲ့တဲ့ ကာလတုန်းက တပြည်းပြည်းနဲ့ ကျောင်းသားဟောင်းကြီး ဖြစ်လာတယ်။ ဆရာမြသန်းစံတို့နဲ့ဆိုရင် စီနီယာ၊ ဂျူနီယာပဲ။ နှစ်နှစ်လောက်တော့ သူက ကြီးတယ်။ တေးရေး နိုင်မြန်မာနဲ့မှ ကျွန်တော်က ရွယ်တူ။ အခု 'မဇ္ဈိမလှိုင်း' ဂီတအဖွဲ့က အကယ်ဒမီဇော်မျိုးထွဋ်ကြီးနဲ့ ကျောင်းနေဘက်။ သူက ရန်ကင်း အ.လ.က(၂)မှာ အလယ်တန်းတက်ရင်း မန္တလေးလားမသိ ပြောင်းသွားခဲ့တာ။ ဇော်မျိုးထွဋ်နဲ့ ကျွန်တော်က အတန်းထဲမှာ ရန်ကုန်သားနဲ့ မန္တလေးသူ သီချင်းကို အတူဆိုခဲ့ကြတာ။ ရန်ကင်း တိုက်လေးလုံးမှာ အတူနေခဲ့ဖူးတာ ကျွန်တော့်အမှတ်တရတွေပါပဲ။ အဲဒီကာလမှာ

mgyoe.com

mgyoe.com SAMPLE BOOK



အဖေက သိပ္ပံနည်းကျ ဗုဒ္ဓအဘိဓမ္မာစာအုပ်ကို ရေးနေပြီ။ ဝိုင်အမ်ဘီအေ ကဖိတ်လို့ တရားပွဲမှာ ဟောပြောပွဲ တက်ဟောပေးတယ်။ ရာမာကရစ် ရှနာခန်းမမှာ ဟောတယ်။ အဖေ့ကိုယ်ပိုင်နံပါတ်က ဘီစီ ၉၀၀၀ ကျော်။ ဂဏန်းလေးလုံးပဲ ရှိတယ်။ အဖေနေရတဲ့ ရန်ကင်းတိုက်တန်းက ဗိုလ်ချုပ် နေဝင်းရဲ့သား ကိုငွေစိုး ရတဲ့ တိုက်တန်းနဲ့ တစ်တန်းတည်း။ ပိုက်လော့ တို့၊ ကြည်း-ရေ-လေ အရာရှိတို့ နေရတဲ့ တိုက်တန်းတွေ။ တိုက်တန်း တစ်ခုနဲ့ တစ်ခုကြားမှာ ကွက်လပ်တွေရှိတယ်။ မီးတားကွင်း လုပ်ပေး ထားတယ်။ ကစားကွင်းတွေရှိတယ်။

အဖေက အဲဒီမှာ နေနေရင်း အမေနဲ့ အဆင်မပြေကြဘူး။ စကားများကြတယ်။ အဓိကက ကျွန်တော့်ကြောင့်ပဲ။ အဖေက စည်းကမ်း ကြီးပြီး ပညာတတ်စေချင်တယ်။ ကျွန်တော်က လူပျိုပေါက်မှာ စာမေးပွဲ တဘုန်းဘုန်းကျတော့ အဖေက ရိုက်တယ်။ အမေက အဲဒါကို မကြိုက် ဘူး။ ကျွန်တော့်ကို ရိုက်လွန်းတော့ စကားများ ရန်ဖြစ်ကြတယ်။ ကျွန်တော် ကလည်း ကျွန်တော်ပဲ။ အဖေ စည်းကမ်းကြီးလွန်းတော့ အိမ်ကို သူငယ် ချင်းတောင် မခေါ်ရဲဘူး။ အဖေ မရှိတဲ့အချိန်မှ ခေါ်ရဲတယ်။ စာမေးပွဲ လည်း ကျတယ်။ အိမ်မှာ အဖေနဲ့က အဆင်မပြေတော့ အမေ့ရဲ့အဖေ (ကျွန်တော့်အဘိုး)က ကျွန်တော့်ကို လှမ်းခေါ်တယ်။ ဖုဒ္ဓန်တောင်၊ တောင်လုံးပြန်မှာ သူတို့နဲ့ လာနေပြီး ကျောင်းတက်ခိုင်းတယ်။ ဦးလေး လည်း ရှိတယ်။ အဘိုးနဲ့ ဦးလေးက အင်္ဂလိပ်စာ သင်ပေးတယ်။ ကျွန်တော် ငယ်ငယ်တုန်းက အင်္ဂလိပ်စာ အားကောင်းတယ်။ ရှစ်တန်းကို ဒုတိယနှစ် မှာ အောင်သွားတယ်။ ရှစ်တန်းပထမနှစ် ကျတုန်းက တော်တော်စိတ် ညစ်တာ။ အဖေနဲ့ ပြဿနာတက်ရတော့မှာ သိနေတယ်။ အင်းလျားကန်

mgyoe.com

mgyoe.com SAMPLE BOOK



သွားပြီး သစ်ပင်ပေါ်က ခုန်ချဖို့တောင် စိတ်ကူးနေတာ။ ကျွန်တော် ဘောလုံးပန်းပင် အမြင့်ကြီးပေါ်ကို တက်သွားတယ်။ ခုန်ချသေမယ်ဆို ပြီး။ အဲဒီလောက်ကို စိတ်ညစ်ခဲ့တာ။ အဲဒီတုန်းက မြကျွန်းသာတို့ ဘာတို့ မရှိသေးဘူး။ အင်လျားထဲဝင်ဖို့ ဝင်ခွင့်လက်မှတ် မလိုဘူး။

အဲဒီခေတ်ကာလက ကျွန်တော့်ဦးနှောက်ကလည်း အရမ်းကို နုနယ်လွန်းတယ်။ ဘာက ဘယ်လို၊ ဘယ်လိုဖြစ်ရင် ဘယ်လို ဆိုတာ ကျိုးကြောင်းဆီလျော်အောင် မတွေးတတ်သေးဘူး။ အတွေးအခေါ်ပိုင်းမှာ မရင့်ကျက်သေးဘူး။ အဖေ့ကွယ်ရာမှာဆို လေးခွပစ်မယ်၊ ငါးမျှားမယ်၊ လျှောက်လစ်မယ်။ ဒါမျိုးတွေ လုပ်တာ။ လူငယ်ဘဝကို အဲဒီလို ဖြတ်သန်းတာ။ ပေါင်းတာ သင်းတာတော့ ဗိုလ်မှူးကြီးတွေရဲ့ သားသမီးတွေ ရှိတယ်။ ဗိုလ်မှူးကြီး မြသိန်းဆိုရင် သားသမီးလေးယောက် ရှိတယ်။ သူကိုယ်တိုင်ကလည်း စာအုပ်တွေ ရေးတယ်။ သူ့သားသမီးထဲမှာ မြပုလဲခင် ဆိုတဲ့ စာရေးဆရာမ ပါတယ်။ နောက် မြသန္တာ ဆိုတာလည်း စာရေး ဆရာမ ဖြစ်လာတယ်။ ပြီးတော့ ဗလနဲ့ သုတ ဆိုတာ ရှိသေးတယ်။ နာမည် ရင်းတွေက သန္တာ၊ ပုလဲ၊ ဗလ၊ သုတ ဆိုတဲ့ သားသမီး လေးယောက်။ ကျွန်တော်နဲ့ ဗလက ရွယ်တူတွေ။ ဗိုလ်မှူးကြီး မြသိန်းကိုယ်တိုင်က လည်း နိုင်ငံရေးစာအုပ်တွေ ရေးတယ်။ 'အာရပ် ခေါင်းဆောင်ကြီး နာဆာ'၊ 'နံနက်ခင်းကို စိုးမိုးသူ' အဲဒီ စာအုပ်တွေ ရေးတယ်။ နောက် ၈၈ မှာ သတင်းစာတိုက်မှာ ဝင်လုပ်ရာက အနားယူတယ်။ မြဝတီမဂ္ဂဇင်း မှာလည်း လုပ်တယ်။ သူ့သား ဗလနဲ့ ပေါင်းဖြစ်တယ်။ သူတို့က ကိုလင်းရောင်တင်နဲ့လည်း အမျိုးတော်ကြတယ်။ ကျွန်တော်နဲ့လည်း ခင်သွားတယ်။ သူတို့က ပထမထပ်မှာ နေတာ။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော် တဖြည်းဖြည်း ဆိုးလာချိန်မှာ အဖေကလည်း အလုပ်ထဲမှာ ပညာကွာဟမှု ပြဿနာတက်လာတယ်။ အလုပ်ထဲမှာ အဖေကသူ တတ်ထားတဲ့ ပညာနဲ့ တွေးခေါ်စဉ်းစား သုံးသပ်တဲ့အခါ သဟဇာတမဖြစ်တာတွေ ဆက်တိုက်ကြုံလာရတယ်။ အဆင်မပြေကြဘူး။ ပတ်ဝန်းကျင်နဲ့ မြင်တာ၊ တွေ့တာတွေ ဟလာတယ်။ ခြားနားလာတယ်။

အများက အလုပ်ဆင်းမယ်၊ လစာယူမယ်၊ ဘဝကို ထိုက်သင့်တဲ့ အဆင့်အတန်းတွေနဲ့ ဖြတ်သန်းမယ် ဆိုတာတွေနဲ့ အဖေ့ရဲ့ အမြင်တွေက ကွာဟလာတယ်။ အဖေ့ဆွေးနွေးဖက်တွေက ဦးချစ်လှိုင်တို့၊ ဦးမေအောင်တို့၊ ဦးခင်မောင်ကြည်တို့။ ပြီးတော့ အယူအဆတူ၊ အတွေးအခေါ်တူတဲ့ တပ်ရင်းမှူး၊ တပ်မမှူးတွေ ရှိတယ်။ သူတို့နဲ့ ပြောတယ်။ အဖေသင်ပြပေးရတဲ့ နိုင်ငံရေး သိပ္ပံပညာရပ်ကို လာတက်ကြတဲ့သူတွေထဲမှာ တပ်မတော်က လူကြီးတချို့ အပါအဝင် အခြားတိုင်းမှူး၊ တပ်မမှူးတွေကို ယောက်လမ်း(အခု အလံပြဘုရားလမ်း) စစ်ရုံးချုပ်ထဲမှာ အကျိုးအကြောင်းတွေ၊ မူဝါဒဆိုင်ရာတွေ၊ ကမ္ဘာ့အမြင်တွေ သင်ပေးနေရင်းနဲ့ တစ်ဖက်မှာ အဖေက ဘာသာရေးပိုင်းကို လုပ်နေပြီ။ လိုက်စားနေပြီ။ အဖေ လုပ်ရတာက တပ်မှာဆိုတော့ စာချုပ်ရှိတယ်။ ဘယ်နှနှစ်ပြည့်မှ ထွက်ရမယ်။ ဆေးပင်စင်ယူရင် ဘယ်နှနှစ်ပြည့်မှ ယူရမယ်ဆိုတဲ့ စာချုပ်တွေ ရှိတယ်။ အဖေ ဆေးပင်စင်ယူတော့မယ် ဆိုတော့ ဆယ့်နှစ်နှစ်ပြည့်ပြီ။ ယူလို့ရပြီ။ တပ်ကတော့ အဖေ့ကို ထပ်လုပ်ပါဦးလို့ တားတယ်။ အဖေက မလုပ်ချင်တော့ဘူး။ ဆေးပင်စင်နဲ့ ထွက်တယ်။

တစ်ဖက်မှာလည်း မိသားစုကိစ္စမှာ ကျွန်တော်နဲ့က ပြဿနာဖြစ်နေပြီ။ တစ်ရက်ကျတော့ အဖေက ကျွန်တော့်ကို အခန်းတံခါးပိတ်ပြီး

mgyoe.com

. mgyoe.com SAMPLE BOOK



ရိုက်နေတုန်း ကျွန်တော်က တံခါးဖွင့်ပြီး ထွက်ပြေးတယ်။ လှေကားထစ်ကနေပြီး အဖေ့ကို အော်တယ်။ အမေကလည်း အဖေ့ကို ဝင်တားရင်း အဖေနဲ့ အမေ ဆက်ပြီး ရန်ဖြစ်ကြရော။ အဲဒီနေ့က အမေက မနေတော့ဘူး ဆိုပြီး ရန်ကင်းကနေ အဘိုးရှိတဲ့ ပုဇွန်တောင်ကို ဆင်းသွားတယ်။ ကျွန်တော်နဲ့ ညီမလေးလည်း ပါသွားတယ်။ အဖေ တစ်ယောက်တည်း ကျန်ခဲ့တာပေါ့။

အဘိုးက အဲဒီအချိန်မှာ ၃၇ လမ်းက အခန်းလေးတစ်ခန်းမှာ ငှားပြီး မိုင်းလစ်ကြိုးလုပ်ငန်း လုပ်နေပြီ။ ကားမိုင်းလစ်ကြိုးတွေ ပြင်တဲ့၊ တပ်တဲ့လုပ်ငန်း။ သုံးဘီးကားတွေမှာ မီတာကြိုးနဲ့ ပြားငါးဆယ်ကစပြီး ပြားခြောက်ဆယ်၊ ခုနစ်ဆယ် စသည်ဖြင့် မီတာနဲ့တက်တယ်။ မီတာကြိုးတို့ လီဗာကြိုးတို့ ပြင်တဲ့လုပ်ငန်းပေါ့။ အဲဒီကာလတုန်းက ဖယ်မလီယာတို့ ဘောက်စ်ကွန်းတို့ ဝင်နေပြီ။ မိုင်းလစ်တွေ မီတာကြိုးတွေက ကြိုးစနစ်တွေနဲ့ လာတာ။ ကျွန်တော်လည်း ကိုယ့်ဘာသာ ကျောင်းသွား။ ကျောင်းပိတ်ရင် အဘိုးကို ကူလုပ်ပေးရင်း အဘိုးအလုပ်တွေ သင်နေပြီ။ သိစပြုလာပြီ။

အဖေက တစ်ယောက်တည်း နေတယ်။ ပင်စင်တင်တယ်။ ပင်စင် ရလာတယ်။ အဲဒီအချိန်မှာ အဖေနဲ့ အမေက တရားရုံးရောက်တဲ့အထိ ဖြစ်ကုန်ရော။ မိသားစု ဖရိုဖရဲ ဖြစ်ကုန်တယ်။ အသိုက်အမြုံတစ်ခု ပျက်စီးတာပါပဲ။ အဖေက အမေ့ကို ပြန်ခေါ်လို့ မရတော့ တစ်ဖက်က ဆွေမျိုးသားချင်းတွေ ဝင်ထွက်သွားလာရင်း အမျိုးသမီးဇာတ်လမ်းတွေဘာတွေလည်း ပါချင် ပါလာနိုင်တာပေါ့။ ဒါတွေ အမေကလည်း ကြားတယ်။ အဖေက တစ်ယောက်တည်း နေတော့ ခင်မင်တဲ့ အမျိုးသမီး

mgyoe.com

mgyoe.com SAMPLE BOOK



မိတ်ဆွေတွေ ဝင်ထွက်သွားလာ ချက်ပြုတ်ပေးတာမျိုးတွေ ရှိလာနိုင်တာပေါ့။ မှတ်မှတ်ရရ ဆိုရင် ကျွန်တော်တို့မိသားစုဟာ ၁၉၇၄ မှာ ပြိုကွဲသွားရတယ်။

အဖေလည်း ပင်စင်ယူပြီဆိုတော့ တိုက်ခန်းကို ပြန်အပ်လိုက်တယ်။ ဒါပေမဲ့ အဖေ့ပညာနဲ့ အဖေ့အကြောင်းကို သိတဲ့ အစိုးရအသိုင်းအဝိုင်းက တခြားမှာ တာဝန်ထမ်းဆောင်ပေးပါဆိုပြီး ပြန်ဆွဲထားတယ်။ အဲသည်အချိန်က ဗိုလ်မှူးကြီးကိုကို ကိုင်တဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဌာနဆိုတာ ရှိတယ်။ ရဲမင်းကြီးက ဦးစိန်လှဦးတို့ရဲ့မင်းကြီးရှားကိုးတို့ ရှိတယ်တဲ့။ အဖေ့ကို ယစ်မျိုးဌာန အထူးအရာရှိ ရာထူးနဲ့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ကိစ္စတွေမှာ လုပ်ပေးဖို့ခေါ်တယ်။ သုဝဏ္ဏဘက်မှာ တိုက်ခန်းတစ်ခန်း ပေးတယ်။ နေတော့ သုဝဏ္ဏ ဘော်စင်လမ်းမှာ နေရတယ်။ အမျိုးသမီးမိတ်ဆွေတစ်ယောက်ကလည်း အဖေ့ကို ဝေယျာဝစ္စ ပြုစုပေးရင်း နေနေတယ် ကြားရတာပါပဲ။ အမေနဲ့ကလည်း ကွာဟယ် ရှင်းဟယ် ဖြစ်ပြီးပြီ။ ကျွန်တော်ကလည်း အဖေ့ကို တွေ့ဖို့ စိတ်မပါဘူး။ သွားလည်း မတွေ့ဘူး။ အဘိုးကို ကူလုပ်ပေးရင်း နေနေလိုက်တယ်။ အမေကတော့ ရှိတဲ့ပိုက်ဆံလေးနဲ့ သိမ်ကြီးဈေးမှာ အလှကုန်ဆိုင် ဖွင့်သေးတယ်။ ကျွန်တော်ကတော့ အပေါင်းအသင်းတွေနဲ့ပဲ အချိန်ကုန်တာ ပိုများလာတယ်။ တေးရေး နိုင်မြန်မာ ဖြစ်လာမယ့် သူငယ်ချင်း၊ ဇော်ထွဋ်ခိုင် ဆိုတဲ့ သူငယ်ချင်း(အဲဒီသူငယ်ချင်းက အခု အမေရိကားမှာ)၊ ကာတွန်းလိုင်းမှာ ဗျူး ဖြစ်လာမယ့် ကျော်ဝင်း ဆိုတဲ့ သူငယ်ချင်း၊ ညီညီ၊ မောင်အေး၊ အောင်ဝင်း၊ ဉာဏ်ကြွယ်၊ စက်ဝင်း၊ မောင်မောင်လွင်၊ အေးကျော်၊ မြင့်ဝင်း အစရှိတဲ့ အပေါင်းအသင်းတွေအပြင် တခြား

mgyoe.com

mgyoe.com SAMPLE BOOK


အပေါင်းအသင်းစုံနဲ့ပေါင်းရင်း ရန်ကင်းဘက်မှာလည်း အချိန်ကုန်၊ အဘိုး ဆိုင်မှာလည်း တစ်ခါတလေ ကူလုပ်လိုက်နဲ့ နေပေါ့ဗျာ။ ပညာရေးက တော့ ဝေးသထက် ဝေးဝေးလာတယ်။

ရန်ကင်းမှာ နေတဲ့ရက်တွေဆို ပုဇွန်တောင်ကို ပြန်လာတဲ့အချိန် က မနက် လေးနာရီ။ ပုဇွန်တောင်ကနေ ရန်ကင်းကို ပြန်ထွက်ချိန်က နေ့လယ် ဆယ့်တစ်နာရီ။ အိမ်မှာ စားသောက်ပြီး ထွက်တာပဲ။ ကျွန်တော် ဆယ်တန်းရောက်တဲ့နှစ်မှာ နိုင်မြန်မာက သီချင်းစရေးပြီ။ နောက် မန္တလေး လှိုင်းက ကိုဇော်မျိုးထွဋ်တို့နဲ့ တွဲမိနေပြီ။ သူက စန္ဒရားလှထွဋ်ရဲ့သား။ အဲဒီတုန်းကတော့ လိဒ်ဇော်မျိုးထွဋ် ဆိုပြီး မဖြစ်သေးဘူး။ ကျောင်းမှာ သူနဲ့ ကျွန်တော် တွဲပြီးဆိုဖြစ်တဲ့ သီချင်းတစ်ပုဒ် ရှိတယ်။ ရန်ကုန်သားနဲ့ မန္တလေးသူ သီချင်း။ ကျွန်တော်က မန္တလေးသူ နေရာက ဆိုရတာ။ ကျွန်တော်တို့ခေတ်တုန်းက ကျပန်းစကားပြော ပြိုင်တာတို့၊ တိရစ္ဆာန်ရုံ သွားတာတို့ကလည်း ခေတ်စားတယ်ဗျ။ ကျွန်တော် လျှောက်လည်ဖြစ်တဲ့ နေရာတွေပေါ့။

နိုင်မြန်မာ ဖြစ်လာမယ့် နိုင်ဦးမြင့်နဲ့ တွဲတယ်။ ဇော်ဖြူး ဖြစ်လာ မယ့် ကျော်ဝင်းတို့နဲ့ ပေါင်းတယ်။ သူက သန္တာရောင်စာပေဆိုပြီး စာအုပ်အငှားဆိုင်လေး ဖွင့်ထားတယ်။ နောက်တော့ သန္တာရောင်စာပေ အနုပညာဆက်ဆံရေးဆိုပြီး ကျွန်တော်က နာမည်ထပ်ဖြည့်ပေးလိုက် တယ်။ စာအုပ်ဆိုင်က တော်တော်ငှားရတယ်။ တစ်နေ့ကို လူတစ်ရာကျော် ငှားရတယ်။ ငှားခကတော့ တစ်အုပ်မှ တစ်ရက် ငါးမူး၊ တစ်ကျပ်ပဲ ရှိတယ်။ ကျွန်တော် အဲဒီမှာ ကျင်လည်ရင်း ကဗျာဆရာ ဖြစ်လာမယ့် ဝသုန်မောင်မာနဲ့လည်း ပေါင်းမိတယ်။ ကဗျာတွေ၊ စာတွေ ရေးဖြစ်လာ

mgyoe.com

m.g y o e . c o m SAMPLE BOOK



သလို စာစုံလည်း ဖတ်ဖြစ်လာတယ်(ပြင်ပစာပေတွေပေါ့ဗျာ)။ အပေါင်းအသင်းလည်း ပိုစုံလာတယ်။ စိန့်မိုက်ကယ်ထွက်တွေပေါ့။ အဲဒီခေတ်ကာလက ရန်ကုန်မြို့မှာ ရန်ကင်းနယ်မြေဟာ တကယ့်လူငယ်သဘာဝထဲမှာ အလွတ်လပ်ဆုံးပဲ။ ရန်ကင်းက သိပ်နာမည်ကြီးတဲ့ ကာလပေါ့။ အင်းလျားကန်ကလည်း ရှိတယ်ဗျာ။ ဘာပျော်ဖို့ကောင်းသလဲ-မမေးနဲ့။ ကျွန်တော်လည်း လုပ်ချင်တာတွေ လျှောက်လုပ်နေတာပဲ။

ကိုးတန်း ဒုတိယနှစ်မှာ ကျွန်တော် ရန်ကင်း အ.ထ.က(၁)မှာ တက်နေတုန်း အဖေနဲ့ အမေ လုံးဝကွဲသွားတယ်။ အဲဒီကာလမှာ အဖေ နိုင်ငံခြားကို ထွက်ဖို့ လုပ်နေပြီ။ မူးယစ်ဌာနမှာ ဆက်မလုပ်တော့ဘဲ ရနောင်းဘက်ကို သွားတယ်။ ဆယ့်လေးရက် အလည်အပတ် သွားမယ်ဆိုပြီး ကူးသွားတာ အနှစ် နှစ်ဆယ် ကြာသွားတယ် ဆိုပါတော့ဗျာ။ ကျွန်တော် ကိုးတန်းကျတဲ့နှစ်ပေါ့။ ကျွန်တော်က နေတော့ ပုဇွန်တောင်၊ ကျောင်းတက်တော့ ရန်ကင်းမှာ တက်တယ်။

ကျွန်တော် ဆယ့်ကိုးနှစ်သားလောက်မှာ ရန်ကင်းက သူငယ်ချင်းတွေနဲ့ပေါင်းပြီး နယ်စပ်ဘက်ကို စီးပွားရေး လုပ်ကြမယ်ဆိုပြီး စလုပ်ကြတယ်။ ဘဲမွေးတို့၊ ဘုံမရာဇာမြစ်တို့ သယ်ပြီး ရောင်းရင် မြတ်တယ်။ ယိုးဒယားဘက်ကို သွားရောင်းမယ်ဆိုပြီး လုပ်ကြတာ။ အကြားနဲ့ ဖြစ်နေကြတာ။ အဲဒီလိုနဲ့ သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး ယိုးဒယားကို သွားကြတယ်။ အောက်လမ်းပေါ့။ မော်လမြိုင်ကို သွား၊ အဲဒီကနေ နှစ်ထပ်သဘော်စီး။၊ ကော့ဘိန်း၊ ကော့ပေါက်၊ သံလယ်၊ ဂျိုင်း အစရှိတဲ့ ရွာတွေ ဖြတ်ပြီး သံလွင်မြစ်တစ်လျှောက် ကျုံဒိုးကနေ ကော့ကရိတ်ဘက်

mgyoe.com

mgyoe.com SAMPLE BOOK


ကိုသွား။ ဟိုဘက်ကို လမ်းဆက်လျှောက်ရင်း ယိုးဒယားနယ်စပ်ကို ရောက်တဲ့ခရီး။ အဲဒီလို သွားကြတာ။ အလုပ်လုပ်မယ်ဆိုပြီး သွားတာ။

နောက်တစ်ခေါက်ကျတော့ အမေက ပုဇွန်တောင်ရပ်ကွက်ထဲမှာ ရှိတဲ့ ကျောက်ကုန်သည်တွေနဲ့ ထည့်ပေးမယ်ဆိုပြီး ယိုးဒယားဘက်ကို ကျောက်ကုန်ကူးတဲ့ ကုန်သည်တွေနဲ့ ထည့်ပေးတယ်။ ကျွန်တော်က အမေနဲ့ ရေးမြို့ကို လိုက်ဖူးတယ်။ ကက်ဆက်တစ်လုံးကို စိန်ဂွန်းဈေးမှာ (အခု အထွေထွေရောဂါကုဆေးရုံကြီး ဆောက်ထားတဲ့နေရာ) ပြန်သွင်းရင် ၇၅၀/- ရတဲ့ခေတ်။ မှောင်ခိုခေတ်ပေါ့။ အင်တာနေရှင်နယ် ကက်ဆက်တွေ စပေါ်တဲ့အချိန်ပေါ့။ မနက် လေးနာရီလောက်မှာ ဈေးဖွင့်ရင် သွင်းရတာ။ မှောင်ခိုပစ္စည်း သွင်းတဲ့အချိန်။ ကျွန်တော် အဲဒါတွေ လုပ်ဖူးတယ်။ အဲဒီမှာ အမေက ကျွန်တော့်ကို အရင်းအနှီး ထုတ်ပေးပြီး ယိုးဒယားကုန်သည်တွေနဲ့ ထည့်ပေးလိုက်တာ။ ကျောက်စိမ်းတုံးလေးတွေ သယ်သွားတယ်။ ကိုမောင်ဟုတ် ဆိုတဲ့ ကျောက်ကုန်သည်က ခေါ်သွားတာ။ ရန်ကုန်ကနေ သထုံ။ သထုံကနေ တောလမ်းအတိုင်း ယိုးဒယားနယ်စပ်ကို သွားရတယ်။ နတ်စင်တစ်ရာတို့ တိုင်တစ်ရာတို့ဘက်က သွားတာ။ သုံးလေးရက် သွားရတာဗျ။ အဖွဲ့လိုက်ကြီး သွားကြတာ။ သံလွင်မြစ်ကို နှစ်ယောက်စီ တံငါလှေကလေးနဲ့ကူးတော့ ကျွန်တော့်မှာ လန့်နေတယ်။ အဖွဲ့ထဲမှာ ပတ္တမြားကုန်သည်လည်း ပါတယ်။ ကိုစန်းထွေးက ပတ္တမြားကိုင်တာ။ သူက အဖွဲ့မှာ ခေါင်းဆောင်ပဲ။ ပတ္တမြားကလပ် အချိန်တော်တော်များများ ပါလာတယ်။ ကျွန်တော်တို့အဖွဲ့က လေးယောက်။ တခြားအုပ်စုတွေလည်း ပါတယ်။ မယ်တန်၊ မယ်သလေ၊ မဲသဝေါဒေသ တောလမ်းတွေကနေ မဲဆောက်မြို့ကို သွားရတာ။ လမ်း

mgyoe.com

mgyoe.com SAMPLE BOOK



က ဂိတ်တွေက ကရင်ဂိတ်တွေချည်းပဲ။ စစ်တပ်ဂိတ်ဆိုရင် ရှောင်ကွင်းပြီး သွားကြတယ်။

စစ်တပ်ဂိတ်တွေ ဖြတ်မယ်ဆိုရင် မိန်းမတစ်ယောက်က လက်ဖက်ခြောက်တို့ ကွမ်းရွက်၊ ကွမ်းသီး၊ ငှက်ပျောသီး အစရှိတာတွေ ထည့်ထားတဲ့ တောင်းခြင်းတောင်းတွေနဲ့အတူ မြင်းလှည်းလေးနဲ့ ဖြတ်တယ်။ ယောကျ်ားတွေက တောထဲကနေ ရှောင်ပြီးသွား။ ဟိုဘက်ရောက်မှ ပြန်ဆုံပြီး သွားကြတာ။ ကျွန်တော် တစ်ခေါက်လိုက်ဖြစ်တာ ခုနစ်လကြာသွားတယ်။ မဲဆောက်မြို့အနီး မယ်တော်ဆိုတဲ့နေရာက ဒေါ်စနေအိမ်မှာ တည်းကြတာ။ အကြာဆုံးအခေါက်က ပတ္တမြားပွင့်ကောက်ကြီးတဲ့ ပါတဲ့အခေါက်ပဲ။ ကိုစန်းထွေးရဲ့ ပစ္စည်းတွေချည်းပဲ။ တော်တော်နဲ့ အရောင်းအဝယ် မတည့်ဘူး။ ဈေးကလည်း တော်တော်ကြီးလို့နေမယ်။ တည်းတဲ့အိမ်က ဒေါ်စနေကြီးကလည်း ကျောက်မထွက်မချင်း ကျွေးထားတာပဲ။ အရောင်းအဝယ် စပ်ပေးတယ်။ ကျွန်တော် ဘိန်းစရှုဖြစ်တာ အဲဒီကနေ စတာပဲဗျာ။

ဒေါ်စနေမှာက မြေးနှစ်ယောက် ရှိတယ်။ ခုနစ်နှစ်၊ ရှစ်နှစ်လောက်ရှိတဲ့ မြေးတွေပါ။ ဒေါ်စနေက မြန်မာပြည်ကလာတဲ့ ကျောက်ကုန်သည်တွေကို နေစရာ ပေးထားတယ်။ ထမင်းကျွေးတယ်။ ပစ္စည်းကို စပ်ပေးတယ်။ အရောင်းအဝယ် ဖြစ်တဲ့အခါ သူ့ကို အချိုးကျပေးရတယ်။ ကျွန်တော်က သူ့မြေးတွေဆီကနေ ယိုးဒယားစာတွေသင်၊ စကားပြောတာ သင်ပေါ့ဗျာ။ ဖဲရိုက်တာလည်း သင်ပေါ့လေ။ တစ်နေ့ကျတော့ အဖွဲ့ထဲက လူတစ်ယောက်က စီးကရက်ထဲမှာ ဘိန်းဖြူထည့်ပြီး ကျွန်တော့်ကို တိုက်ရော။ ကျွန်တော်က မသိဘူး။ စီးကရက်ပဲ ထင်ပြီး ထိုင်ဖွာနေ

mgyoe.com

mgyoe.com SAMPLE BOOK



လိုက်တာ။ ညနေ သုံးနာရီလောက်က သောက်လိုက်တာ နောက်တစ်နေ့ မနက် ဆယ့်တစ်နာရီလောက်မှ နိုးတယ်။ အောက်ထပ်မှာက ရေခဲသေတ္တာ ရှိတာယ်။ အချိုရည်ဘူးတွေ ထည့်ထားတာ။ အဲဒါတွေသောက်ပြီး စီးကရက် ခဲလိုက်တာ။ သောက်နေရင်းနဲ့ ဘိန်းဖြူထည့်ထားတာ သိလိုက်တယ်။ အစိမ်းဆိုတော့ သောက်ပြီး ညရှစ်နာရီလောက်မှာ စားသမျှ ဝေါခနဲ အန်တော့တာပဲ။ ပြီးတော့ ကျွန်တော် အိပ်လိုက်တာ နောက်နေ့ နေ့လယ် ကျမှ နိုးတော့တယ်။ အဲဒါ ဘိန်းစရှုမိတဲ့ အဖြစ်မှန်ပဲ။

ကျွန်တော် ပါတဲ့ပစ္စည်းက ရောင်းပြီးပြီ။ အဖွဲ့ခေါင်းဆောင် ပစ္စည်းက ခုနစ်လ ကြာနေပြီ။ မယ်တော်ရပ်ကွက်မှာ သောင်တင်နေတာ။ ပြီးမှ ပြန်ရောက်လာကြတာ။ အဲဒါက တစ်ခေါက်။

နောက်တစ်ခေါက်က စာရေးဆရာ သံဒိုင်ဗိုလ်ရဲ့သားနဲ့ အလုပ် သွားလုပ်ကြတာ။ သူကလည်း ရန်ကင်းမှာပဲ နေတာ။ မင်းညွှန့်ဦးတဲ့။ နှစ်ယောက်တည်း ယိုးဒယားကို သွားကြတာ။ ပထမဆုံး သွားဖူးတဲ့ မော်လမြိုင်လမ်းကြောင်းကနေ သွားမယ်ဆိုပြီး ထွက်လာကြတာ။ အဲသည်မှာ ပေါ်တာဆွဲတယ် ဆိုတာလည်း ကိုယ်တွေ့ကြုံခဲ့ရဖူးတယ်။ မပြောချင်ပါဘူး။ အခမ္ဘအမှုတွေအကြောင်း ကော့ကရိတ်ကနေ ဖလူး စခန်းကို ရောက်တယ်။ ယိုးဒယားထဲ ရောက်တော့ မွေးမြူရေးခြံထဲမှာ အလုပ်ရတယ်။ ဆိတ်ခြံမှာ လုပ်တယ်။ မနက်ဆိုရင် ကုလားတစ်ယောက် က ဆိတ်တစ်ကောင် လာဆွဲပြီး အသားပေါ်တယ်ဗျ။ အနီးအနားက ရွာတွေကို လိုက်ပို့ကြတယ်။ ရေလည်း ထမ်းရတယ်။ သောင်ရင်းမြစ် ကမ်းနဖူးမှာဆိုတော့ မြစ်ရေကို ထမ်းတင်ရတာ။ ကျွန်တော်က ရေမထမ်း နိုင်တော့ နောက်အလုပ်တစ်ခု ရှာမယ်ဆိုပြီး(တလိခုတ်ဆိုတဲ့ နေရာမှာ)

mgyoe.com

mgyoe.com
SAMPLE BOOK


တောင်ယာကွက်တွေ ရှင်းတဲ့အလုပ် ဝင်လုပ်တယ်။ တောင်ယာကွက်တွေ ရှင်း၊ အဲဒီမှာပဲနေ၊ အဲဒီမှာပဲစား။ တံစဉ်လို သံကောက်ဓားကြီးကို နောက်က ဝါးလုံးအရှည်နဲ့ဆက်ပြီး တောရှင်းရတဲ့ အလုပ်ပါ။ လုပ်စမှာ လက်က အရည်ကြည်ဖုတွေ ဘာတွေထပြီး ဆုပ်လို့တောင် မရတော့ဘူး။ မနက်မိုးလင်းတော့ လက်က ဆုပ်လို့ မရဘူး။ အဲဒါ ထိုင်းတောင်ယာ သမားကြီးက ထမင်းပူ လက်တစ်ဆုပ်စာလောက် လက်ထဲ ထည့်ပေးပြီး ဖြည်းဖြည်းချင်း ဆုပ်လိုက် ဖြန့်လိုက်လုပ် ဆိုလို့ လုပ်ကြည့်မှ သက်သာ သွားတာ။ ခုနစ်ရက်လောက် ဆက်တိုက်လုပ်ဖြစ်တယ်။ ထမင်းကျွေး တော့ စွန်တန်ဟင်းချိုနဲ့ မုန်ညင်းကြော် စားရတယ်။ ယိုးဒယားမ နှစ်ယောက် ပါတယ်။ အဘိုးကြီး တစ်ယောက် ပါတယ်။ တစ်ပတ် လောက် နေတော့ ကျွန်တော် မလုပ်နိုင်တော့ဘူး။ သူတို့က ကောင်းပါ တယ်။ လုပ်အားခ ရှင်းပေးတယ်။ မဲဆောက်ကားလာတော့ ကားပေါ် တင်ပေးလိုက်တယ်။ ကျွန်တော် မဲဆောက်ရောက်တော့ မင်းညွန့်ဦးနဲ့ တွေ့တယ်။ ကျွန်တော်က ရန်ကုန် ပြန်မယ်။ သူက အလုပ်လုပ်ရင်း နေခဲ့မယ် ဆိုတော့ သူ့ကိုထားပြီး ကျွန်တော့်ဘာသာ ပြန်ချလာတာပေါ့။

ကျွန်တော် ရန်ကုန်ပြန်ရောက်တော့ သူ့မိဘတွေက သူ့သား ကျန်ခဲ့တာကို စိတ်မချဘူး။ ကျွန်တော့်ကို ပြန်ခေါ်ပေးပါဆိုပြီး ခေါ်ခိုင်း ပြန်ရော။ အဲဒါ သွားပြန်ခေါ်ပေးရသေးတယ်။ ဒါက ယိုးဒယားကို ငယ်ငယ်တုန်းက ကျွန်တော် ရောက်ဖြစ်ခဲ့တဲ့ လမ်းကြောင်းတွေပါ။ အဲဒီကာလက လမ်းမှာ ဘာတွေ့လဲဆိုတော့ တောခိုနေတဲ့ ပြည်ချစ် တပ်မတော်ဆိုတဲ့ ဆိုင်းဘုတ်ကြီးကို တွေ့တယ်။ လုံးဝ လက်နက်ကိုင်တို့ ရဲ့ နယ်မြေတွေပဲ။ ဒါပေမဲ့ နောက်ဆုံးအခေါက် သွားတဲ့အချိန်မှာ

mgyoe.com

mgyoe.com SAMPLE BOOK



တော့ မရှိကြတော့ဘူး။ နယ်စပ်ဒေသဟာ မငြိမ်းချမ်းတဲ့ ဒေသတွေပေါ့ဗျာ။ ကျွန်တော်လည်း ရန်ကုန် ပြန်ရောက်တော့ ညကျောင်း ပြန်တက်ဖြစ်တယ်။ ဒါပေမဲ့ ဒီလောက်ခရီးရှည်ပြီးမှတော့ လူက ပညာရေးကို ဘယ်လိုမှ စိတ်မဝင်စားတော့ဘူး။ လူက လေသွားပြီဗျ။ သွားခဲ့ရတဲ့ စွန့်စားမှုတွေကလည်း ရှိခဲ့ပြီဆိုတော့ စိတ်တွေက အပြင်မှာပဲ ရောက်နေတယ်။ ကျွန်တော်တို့ ယိုးဒယား သွားခဲ့ကြတုန်းက ကားတစ်တန်၊ ရထားတစ်တန်၊ ရေလမ်း၊ တောလမ်း အဆင့်ဆင့်ဗျ။ လမ်းမှာ ကေအိုင်ယူ စခန်းတွေ ဖြတ်ရတယ်။ မြို့မှာ ပေါ်တာဆွဲတာလည်း ခံရတယ်။ ၁၅ မိုင်လောက်ခရီးကို ကားမရှိလို့ တစ်မြို့နဲ့ တစ်မြို့ကြား လမ်းလျှောက်ခဲ့ရတယ်။ အဲဒီလိုနဲ့ ယိုးဒယားမှာ အလုပ်လုပ်။ ပြန်လာ။ စာသင်ခန်းထဲ ပြန်ဝင်ဆိုတော့ လူက မငြိမ်တော့ဘူး။

□

## ဘန်ကောက်ကို တစ်ခါ ရောက်ခြင်း

ကျွန်တော် ငယ်ငယ်က သိုင်းပြောင်းပြန်တွေ၊ ကရာတေး၊ ဂျူဒိုတွေ သင်သေးတယ်။ ပညာရေးကတော့ ဆယ်တန်းအရောက်မှာ ဆက်မတက်ဖြစ်တော့ဘူး။ အလုပ်လုပ်မယ်ဆိုပြီး အမေ့ကို ပြောပြတယ်။ ကျွန်တော် အမေ့ကိုခေါ်ပြီး လေတပ်ထဲ သွားဝင်သေးတယ်။ ဒါပေမဲ့ အသက်က မပြည့်တော့ လက်မခံဘူး။ နောင်နှစ်မှ ပြန်လာပါဆိုတော့ ကျွန်တော် နောက်နှစ်မှာ ပြန်မသွားဖြစ်တော့ပြန်ဘူး။ ရန်ကင်းမှာပဲ

mgyoe.com

mgyoe.com
SAMPLE BOOK


အပေါင်းအသင်းတွေနဲ့ ဂစ်တာတီး၊ ဆေးခြောက်ရှူပေါ့ဗျာ။ အပေါင်းအသင်းကလည်း စုံလာပြီဗျ။ ကိုင်ဇော့အစ်ကို ဆီဇာတို့နဲ့ တွဲမိသေးတယ်။ အောင်သွင်၊ မင်းအောင်သူ၊ ဖိုးရှမ်းတို့ရောပေါ့။ ကိုင်ဇာကြီးက(Success) ဆိုတဲ့အဖွဲ့ထောင်ပြီး အဆိုတော် ဖြစ်နေပြီ။

ကျွန်တော် အလုပ်လုပ်မယ်ဆိုပြီး ကျောင်းကထွက်တဲ့အချိန် အဲဒီကာလမှာ အဖေ့ရဲ့ တပည့်လည်းဖြစ်၊ မိတ်ဆွေလည်းဖြစ်တဲ့ လူတစ်ယောက်က ကော့သောင်းမှာ ကုမ္ပဏီတစ်ခုနဲ့ အဆက်အသွယ်ရှိတယ်။ ဝါးလပ်တို့ ဝါးတန်းတို့ ငါးဖမ်းတဲ့ လုပ်ငန်းတွေလုပ်တာ။ ပိုင်ရှင်နာမည်က ဦးကောင်းမြင့်တဲ့။ သူကလည်း တပ်ကြပ်ကြီးကနေထွက်ပြီး လုပ်ငန်းတွေ လုပ်နေတာ။ ယိုးဒယားနဲ့ ဖက်စပ်ပြီးလုပ်တာ။ ကျွန်တော်တို့ ပုဇွန်တောင်အိမ်ကို အဖေနဲ့ဆက်ပြီး လာလည်တဲ့သူက ကိုသောင်းဖေတဲ့။ သူက အဖေ့ကို လေးစားတယ်ဗျ။ အဖေနဲ့တွေ့တော့ အဖေက သူ့ကို ကျွန်တော်တို့ ရန်ကုန်မှာရှိတယ်။ သွားတွေ့လိုက်ပါဆိုလို့ လာတွေ့တာ။ ကိုသောင်းဖေက လာတွေ့ပြီး သူက မြောက်ဥက္ကလာဘက်က ရတနာပစ္စည်းတွေထည့်တဲ့ ကနုကမာလေးတွေနဲ့လုပ်တဲ့ ပစ္စည်းလေးတွေ၊ ဇွန်း၊ ခရင်းလေးတွေ၊ ဒါတွေသွင်းတဲ့လူပါ။ လုပ်ငန်းအသေးလေးရှိတယ်။ သူပြောတာက ဒီတစ်ခေါက် ယိုးဒယားသွားရင် လိုက်ခဲ့ဖို့ ကျွန်တော့်ကို ခေါ်တယ်။ အမေတို့ကို အကျိုးအကြောင်း ပြောပြပြီး ကျွန်တော့်ကို လိုက်ခဲ့ပါလားဆိုပြီး ခေါ်တာပါ။ စရိတ်စကလည်း သူခံမယ်။ ဟိုမှာ အဖေလည်း ရှိနေတာဆိုတော့ လိုက်ခဲ့ပါတဲ့။ အလုပ်လုပ်ချင်လည်း ငါးဖမ်းလှေတွေမှာ ဝင်လုပ်ဆိုပြီး ပြောတယ်။ ကျွန်တော်လည်း လိုက်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်ဗျာ။

mgyoe.com

mgyoe.com SAMPLE BOOK


သူနဲ့ လိုက်သွားဖြစ်တုန်းက ရန်ကုန်ကနေပြီး မြိတ်ကို လေယာဉ်နဲ့ သွားကြတာ။ ပြီးမှ မြိတ်ကနေ ကော့သောင်းကို စက်လှေစီးရတယ်။ မြိတ်ကနေ မနက် ဆယ့်တစ်နာရီလောက် ထွက်တာ၊ နောက်တစ်နေ့ မနက် ကိုးနာရီလောက်မှ ကော့သောင်းကို ရောက်တယ်။ စက်လှေက ကုန်စက်လှေပါ။ လူနှစ်ဆယ်လောက်ပဲ ပါတယ်။ ကျွန်တော်တို့ ကော့သောင်းရောက်တော့ ဘုရင့်နောင်ရပ်ကွက်မှာ တည်းတယ်။ ကိုသောင်းဖေကလည်း အဖေ့ဆီကို ကျွန်တော် သွားမယ်ဆိုရင် အဆက်အသွယ်လုပ်ပေးမယ်ဆိုပြီး စီစဉ်ပေးပါတယ်။ ကိုသောင်းဖေက ယိုးဒယားစကားလည်း တတ်တယ်။ သူပဲ ရနောင်းဘက်ကမ်းကို ပို့ပေးပါတယ်။ ဖန်ဖလားဆိပ်ကမ်းကို သွားရတာ။ အင်မီကေးရှင်းတွေ ဘာတွေ ဖြတ်ရတယ်။ ဒါလည်း သူပဲ ဝင်လုပ်ပေးတယ်။ ဖန်ဖလားဆိပ်ကမ်းကနေပြီးတော့ ရနောင်းမြို့ထဲကို သစ်သားဘော်ဒီနဲ့ကားမျိုးကိုစီးပြီး သွားရတယ်။ ရနောင်းမြို့ထဲမှာမှ အဝေးပြေးကားလက်မှတ် ဝယ်လို့ရတာ။ ကားဂိတ်ကလည်း မြို့ထဲမှာပဲရှိတယ်။ ကိုသောင်းဖေက ကားလက်မှတ် ဖြတ်ပေးတယ်။ ပြီးတော့ ဘန်ကောက်သွားမယ့် ခရီးသည် ယိုးဒယားလင်မယားကိုပါ ပြောဆိုပြီး ကျွန်တော့်ကို ခေါ်သွားဖို့ အပ်ပေးတယ်ဗျ။ ဘန်ကောက်မှာရှိတဲ့ ကုမ္ပဏီလိပ်စာနဲ့ အဖေရှိတဲ့အကြောင်း ပြောပြပြီး လိုက်ပို့ပေးဖို့ မှာပါတယ်။ ကားက ညရှစ်နာရီလောက်မှာ ထွက်တာ။ တစ်ညလုံး မောင်းရတာ။ ကားမထွက်ခင် ဂိတ်က တာဝန်ရှိတဲ့သူတွေက ကားပေါ်တက်ပြီး ခရီးသည်တွေကို ဗီဒီယိုနဲ့ မှတ်တမ်းတင် ရိုက်သေးတယ်။ နယ်စပ်မြို့မို့လို့ ထင်တာပဲ။ မှတ်ပုံတင်တွေ ဘာတွေတော့ မစစ်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK



ပြီးတော့ ကားထွက်လာတယ်။ မနက်ရှစ်နာရီလောက် ဘန်ကောက်အဝေး ပြေး ကားဂိတ်ကို ရောက်တယ်။ ဒါက ဘန်ကောက်ကို စရောက်တဲ့ ခရီးပေါ့။ ယိုးဒယားလင်မယားကလည်း တကယ့်ကို သေသေချာချာပဲ ကူညီပေးပါတယ်။ ကုမ္ပဏီလိပ်စာအတိုင်း လိုက်ပို့ပေးတယ်။ ကုမ္ပဏီကို ရောက်တော့ သူတို့ပဲ ဒီလိုဒီလို အကျိုးအကြောင်း ရှင်းပြတယ်။ အဲဒီမှာ အဖေ ထွက်လာပြီး ကျွန်တော့်ကို လာကြိုတာ။ အဖေနဲ့ ကျွန်တော် ဘန်ကောက်မှာ ပြန်တွေ့ကြတဲ့ ကာလပေါ့ဗျာ။

အဖေက ကျွန်တော့်ကို ရုံးခန်းမှာ ခဏထားပြီး ဘန်ကောက်မှာ ရှိတဲ့ သူ့တိုက်ခန်းကို ခေါ်သွားတယ်။ တိုက်ခန်းဆိုပေမယ့် သိပ်အကျယ် ကြီး မဟုတ်ဘူး။ ရေချိုးခန်း၊ အိမ်သာ တစ်ဆက်တည်းပါတဲ့ အခန်း လေးပါ။ နောက်ရက်တွေမှာ ဘန်ကောက်ထဲ လျှောက်လည်လို့ရအောင် အဖေက စီစဉ်ပေးတယ်။ အဲဒီခေတ်ကတည်းက ပက်ပုံးဆိုတာ ရှိတယ်။ လမ်းတွေက ပက်ပုံး (၁) လမ်း၊ (၂) လမ်း၊ (၃) လမ်း ဆိုပြီး အကုန်လုံး ဖော်ချွတ်ရှိုးတွေ ပြတယ်။ အဖေက လိုက်ပြတယ်။ နောက် မှန်ခန်းတွေ ပြတယ်။ အဖေက ဒါက ရေချိုးခန်းတွေတဲ့။ ကောင်မလေးတွေက မှန်တွေ ကာထားတဲ့နောက်မှာ ထိုင်နေတယ်။ နံပါတ်လေးတွေ တပ်ထားတယ်။ အယောက် သုံးဆယ်လောက် ရှိမယ်။ လာတဲ့လူတွေက အပြင်ကနေ မှန်ထဲကိုကြည့်။ ကိုယ် သဘောကျတဲ့ နံပါတ်ကို ခေါ်ရင် သူတို့က ခေါ်ပေးတယ်။ ပြီးရင် အခန်းထဲသွား၊ ရေချိုး၊ အိပ်ပေါ့ဗျာ။ အဖေက အဲဒါတွေ ရှင်းပြတယ်။ အဖေ ပြောပြတာက ဘန်ကောက်မှာ တော်ရုံ တန်ရုံနေဖို့ မလွယ်ဘူးတဲ့။ ယဉ်ကျေးမှုအရရော၊ နေထိုင်စားသောက်မှုအရ

mgyoe.com

mgyoe.com SAMPLE BOOK



ရော တော်ရုံနဲ့ မနေနိုင်ဘူးလို့ ပြောတယ်။ ခဏလည်တာတော့ ပြဿနာ မရှိဘူး။ အဖေက ကျွန်တော့်ကို အလုပ်,လုပ်မလားလို့ မေးတယ်။ စက်ရုံတို့ ဘာတို့မှာ အလုပ်,လုပ်လို့ရတယ်။ ခြောက်လလောက် လုပ်ဖို့ တိုက်တွန်းပါတယ်။ ကျွန်တော်က မလုပ်ဘူးလို့ ပြောလိုက်တယ်။ မလုပ်ဘူးဆိုတာက ရန်ကုန်မှာတုန်းက ကျွန်တော် မိုင်းလစ်ကြိုးပညာလည်း တတ်သင့်သလောက် တတ်နေပြီ။ အမေတို့ အဘိုးတို့ကိုလည်း ဘာမှ မပြောခဲ့ရသေးတော့ အလုပ်တော့ မလုပ်နိုင်ဘူးဆိုပြီး နေလိုက်တယ်။ အဲဒီတုန်းက ယိုးဒယား ဆိုတာလည်း ဒီလောက်ကြီး အထင်ကြီးစရာမှ မရှိသေးတာ။ အလုပ်က ကိုယ့်ဆီမှာလည်း လုပ်လို့ရနေတာပဲ။ အဖေက တော့ နေရေးထိုင်ရေးအတွက် ကတ်ပြားတွေ ဘာတွေ လုပ်ပေးမယ်။ ဘာမှပူစရာ မလိုဘူးလို့ ပြောပါတယ်။ အဲဒီလိုနဲ့ ကျွန်တော် မနေဖြစ်ဘဲ ကော့သောင်းကို ပြန်လာတယ်။ အဖေက ဖန်ဖလားဆိပ်ကမ်းအထိ လိုက်ပို့ပေးပါတယ်။ ကော့သောင်းကနေ မြိတ်။ မြိတ်ကနေ ရန်ကုန် ပြန်လာဖြစ်တယ်။ ကော့သောင်းမှာတုန်းက မုန်တိုင်းနဲ့တိုးလို့ စက်လှေ တွေ မထွက်ရဘဲ ဆယ့်ငါးရက်လောက်တော့ သောင်တင်လိုက်သေး တယ်။ ရေဒီယိုက မြန်မာ့ပင်လယ်ပြင်တွင် မိုးသက်လေပြင်းများ တစ်နာရီ လျှင် မိုင်(၃၀)အထက် တိုက်ခတ်နိုင်ပါသည်ဆိုရင် စက်လှေတွေ မထွက် ရဘူး။ အဖေက အဲဒီတုန်းက ပိုက်ဆံထည့်ပေးလိုက်တယ်။ အမေ့ကို ခုနစ်သောင်း၊ ရှစ်သောင်းလောက် ပေးလိုက်ပါတယ်။

□

mgyoe.com

mgyoe.com SAMPLE BOOK



**အိမ်ထောင်ကျလေပြီ**

ရန်ကုန် ပြန်ရောက်တော့ အဲဒီအချိန်က နိုင်ငံခြားကို တရားဝင် ပတ်စ်ပို့နဲ့ထွက်ပြီး အလုပ်သွားလုပ်တာ တော်တော်လေး ခေတ်စားတဲ့ အချိန်။ ကျွန်တော်လည်း အဲဒီလို ထွက်ချင်တယ်ဆိုပြီး အဖေ့ကို အကြောင်း ကြားတယ်။ အဖေက လက်မခံဘူး။ ကျွန်တော်လည်း ဒီလိုပဲ နေရင်းနဲ့ အသက် ၂၂ နှစ်မှာ အိမ်ထောင်ကျပါလေရော။

အိမ်ထောင်ဖက်ကလည်း တခြား မဟုတ်ဘူး။ ကျွန်တော် ရန်ကင်းမှာ ကျင်လည်နေရင်း သူငယ်ချင်း ဉာဏ်ကျယ်ရဲ့ အစ်မနဲ့ ညားကြတာ။ အဲဒီမှာ ဝင်ထွက်သွားလာ၊ အဲဒီအိမ်မှာပဲ အိပ်တဲ့အခါအိပ်။ ညဘက် လက်ဖက်ရည်ဆိုင်ထိုင်နဲ့ နေလာတာပါ။ ညဘက်ဆို ဂစ်တာ တီးရင်တီး။ တိုက်ခန်းတွေဘက် လျှောက်ကြ။ ဆေးခြောက်တွေ သောက် ပေါ့ဗျာ။ ညဆိုရင် သုံးနာရီလောက်မှ ဈေးကားဒေါင်ဂျစ်ကြီးစီးပြီး အိမ်ပြန် ချင် ပြန်လာတာ။ မနက်မိုးလင်းခါနီးမှ ပြန်ရောက်တာ။ တစ်ညလုံး ဂျလေဘီပေါ့ဗျာ။ အဲဒီလို နေနေရင်း လူက စူးစမ်းချင်တာလည်း ပါနေ တော့ ဈေးသည်ဘဝတွေ၊ ကီလီကုန်ဈေးတန်းက ညဘက် အလုပ်လုပ်တဲ့ သူတွေကို လေ့လာ။ သူငယ်ချင်းတစ်ယောက်က စာအုပ်ဆိုင် ဖွင့်တာဆို တော့ စာအုပ်ဖတ်တဲ့ ဝါသနာကလည်း မြင့်လာတယ်။ စာတော်တော် များများ ဖတ်ဖြစ်တယ်။ ဘာသာပြန်တွေဖတ်၊ ဆွေလှိုင်ဦးရဲ့ ဝတ္ထုတွေ လည်း ပေါ်နေပြီ။ အပျော်ဖတ်တွေလည်း ဖတ်ဖြစ်တယ်။ အဲဒီကြားထဲမှာ အိမ်ထောင့်ကျသွားတာ။ သူငယ်ချင်း အစ်မနဲ့ ခိုးပြေးဖြစ်တာ။ သူတို့ဘက် က သဘောမတူဘူး။ သူက အပျိုတော့ မဟုတ်ဘူး။ မုဆိုးမ ဖြစ်နေပါ ပြီ။ အဲဒီတော့ အမေတို့ကလည်း ပေးမနေဘူး။ လက်ခံလို့ မဖြစ်ဘူး ဆိုပြီး

mgyoe.com

mgyoe.com
SAMPLE BOOK


ညကြီး ဘယ်သွားရလဲ ဆိုတော့ ပွဲဈေးတန်းက ပွဲထဲမှာ ပက်လက်ကုလား ထိုင်ငှားပြီး နေရတယ်။ မနက်ကျမှ ဒါးပိန်ဘက်က ဦးလေးတစ်ယောက် ဆီသွားပြီး မိန်းမခိုးလာတာ ပြောပြရင်း နေရတာ။ နောက် သူငယ်ချင်း အပေါင်းအသင်းတွေ အိမ်မှာ ဟိုအိမ်မှာ တစ်ပတ်လောက်နေ၊ ဒီအိမ်မှာ လေး ငါးရက်နေနဲ့ လျှောက်နေရတာ။ အပေါင်းအသင်းတွေက ငါးဆယ် တစ်ရာ ဝိုင်းကူပေါ့ဗျာ။

အဲဒီလိုနဲ့ ဘာလုပ်ရမှန်း မသိတဲ့အခြေအနေကနေ ကျွန်တော် ရုပ်ရှင်လက်မှတ် မှောင်ခိုရောင်းတဲ့ လောကကို ရောက်သွားတော့တာပဲ။ ရတဲ့အလုပ် လုပ်မယ်ဆိုပြီး ဝင်လုပ်ရတဲ့ သဘောပေါ့။ သူငယ်ချင်း တစ်ယောက်က လမ်းဘေးစာအုပ်ဆိုင် ဖွင့်ထားတယ်။ (၃၂)လမ်းမှာ ဖွင့်တာ။ နေ့ဆိုရင် စားပွဲခုံကြီးခင်းပြီး စာအုပ်တွေရောင်း၊ ညဆိုရင် အဲဒီခုံကြီးကို ထောင်ပြီး ထားခဲ့တယ်။ ရောင်းတဲ့အချိန်မှာတော့ ပျဉ်တွေနဲ့ စာအုပ်တင်ဖို့ တန်းတွေ ရိုက်ထားတဲ့နေရာတွေမှာ တင်တယ်။ သိမ်းတော့ အထုပ်တွေထဲ ထည့်ပြီး ၃၂ လမ်းက အခန်းတစ်ခန်းမှာ သွားသိမ်းရတာ။ အထုပ်အရေအတွက်နဲ့ သိမ်းခပေးရတာ။ ကျွန်တော် အဲဒီသူငယ်ချင်းဆီ မှာ ကူလုပ်ပေးရင်း တစ်နေ့ကို ငွေတစ်ဆယ်လောက် ရအောင် ဟိုဟာလုပ် ဒီဟာလုပ်နဲ့ ရှာရတယ်။ တစ်နေ့ကို တစ်ဆယ်လောက်မှ မရရင် လင် မယား နှစ်ယောက်အတွက် အဆင်မပြေဘူးဗျ။ စာအုပ်ဆိုင်မှာ ဝိုင်းလုပ် ပေး၊ ကူသိမ်းပေးတာကလည်း ဒီလောက်ကြီး မရဘူး။ အဲဒီမှာ ရုပ်ရှင်ရုံ တွေ အောက်မှာ ကျက်စားနေတဲ့ ဗျတ္တတို့၊ တရုတ်မ၊ မောင်အေး၊ ခင်မြင့်၊ တရုတ်လေးတို့ ဆိုတဲ့ မှောင်ခိုလက်မှတ်သမားတွေ ရှိတယ်။ ပပဝင်းတို့၊ ဂုဏ်တို့ ရုပ်ရှင်ရုံတွေမှာ ကျင်လည်နေတာ။ အဲဒီမှာတော့ အများကြီးပဲဗျ။

mgyoe.com

mgyoe.com SAMPLE BOOK



သူ့နေရာနဲ့သူ လှုပ်ရှားနေတဲ့ တကယ့်ဆရာကြီးတွေလည်း ပါတယ်။ ကျွန်တော်လည်း အဲဒီမှာ ရုပ်ရှင်လက်မှတ် မှောင်ခို ရောင်းတဲ့လောကထဲ ဝင်ကျင်လည်ဖြစ်တော့တာပဲ။ အဲဒီကာလက မောင်ထော်လေးလမ်းထိပ်မှာ တရုတ်လက်ဖက်ရည်ဆိုင် တစ်ဆိုင် ရှိတယ်။ ရွှေပုံလွှား ဆိုလားဘာလားပဲ။ ပြောချင်တာက အဲဒါ မဟုတ်ဘူး။ မူးယစ်ဆေးလောကကို ပြောချင်တာပါ။ အဲဒီတုန်းက W တို့ (မန်းထရက်)တို့ ဆေးပြားတွေ အရမ်းခေတ်စားနေတဲ့ ကာလ။ W ဆိုတာ ဘောလုံးဆေးပြား။ ဘောလုံးကန်တယ်လို့ ပြောကြတယ်။ တစ်ပြားမှ တစ်ကျပ်ခွဲလောက်ပဲ ပေးရတာပါ။ လက်မှတ်မှောင်ခို တိုးရင်း W ဆေး ပြားသောက်တဲ့ ကောင်ကလည်း သောက်ပေါ့လေ။ အဲဒီတုန်းက 'Grand မီးရထား' ဟိုတယ်က မရှိသေးဘူး။ အဲဒီမှာ မီးရထားက လိုင်းခန်းတွေ ရှိတယ်။ အပရောင်း ဆိုတဲ့ ဆေးခြောက်ပစ်တဲ့ ကုလားလည်း ရှိတယ်။ အစုံပဲဗျာ။ လိုင်းဝင်းထဲမှာက မှောင်ခိုလက်မှတ်သမားတွေ၊ ရေခဲရေ ရောင်းတဲ့လူတွေ၊ ဈေးသည်တွေ၊ အရှုပ်ထုပ်တွေ စုံနေတာပဲ။ ဗီဒီယို အောကားကြည့်ဖို့ ခေါ်တဲ့လူတွေလည်း ရှိတယ်။ အရပ်တကာက လူမိုက်ပေါင်းစုံ၊ လူရှုပ်လူပွေမျိုးစုံ အဲဒီလိုင်းဝင်းထဲမှာ လာစုံကြတာ။ ဂျပိုးတို့ရွာလို့ ပြောရမှာပဲ။ ကျွန်တော်လည်း ဘာထူးမှာလဲ။ အဲဒီမှာ ကျင်လည်မှတော့ ဂျပိုးဘဝ စတာပဲလေ။

ကျွန်တော် နေ့လယ်ဘက် အလုပ်သွားတဲ့အချိန်ဆိုရင် မိန်းမကို သူငယ်ချင်းအိမ်မှာ ဖြစ်ဖြစ်၊ ကျွန်တော် စာအုပ်ရောင်းတဲ့နေရာနဲ့ နီးတဲ့ အိမ်တစ်အိမ်မှာဖြစ်ဖြစ် ထားရတယ်။ ၃၂ လမ်းထဲမှာ ကျွန်တော့်ကို ခင်မင်တဲ့ စာအုပ်သမားမိတ်ဆွေတွေလည်း ရှိတယ်။ အဲဒီမှာ နေပေါ့။ ညဆိုရင်တော့ တောင်ဥက္ကလာဘုရားနားက ဝင်းမောင် ဆိုတဲ့ သူငယ်ချင်း

mgyoe.com

mgyoe.com
SAMPLE BOOK



အိမ်မှာ ပြန်အိပ်ကြတယ်။ ဝင်းမောင်က တကယ့်ကို ဘော်ဒါစိတ်ရှိတဲ့ သူငယ်ချင်းပါ။ သူ့အိမ်မှာကလည်း အဖေရယ်၊ အမေရယ်၊ မောင်နှမတွေရယ် ရောနေကြတာ။ ညဆို အဖေနဲ့ အမေက အဆင်ပြေသလို ခွဲအိပ်ကြတယ်။ ကျွန်တော်တို့ လင်မယားကို ခြင်ထောင်ဟောင်းကြီးတစ်လုံးနဲ့ သိပ်တယ်။ မနက်ဆိုရင် ကျွန်တော် အလုပ်လုပ်တဲ့ဆီကို မိန်းမက ထွက်လိုက်လာပေါ့ဗျာ။

တောင်ဥက္ကလာစာတိုက်နားမှာ ထမင်းတစ်ပွဲကို နှစ်ကျပ်လောက် ပေးရတယ်။ အဲဒီမှာ စားကြတယ်။ ပဲတီချဉ်နဲ့ ဝက်သားဟင်း၊ အရည်သောက် ချဉ်ရည်ဟင်းလေး ပါတယ်။ အဲဒီမှာ စားကြ။ စားပြီးရင် အလုပ်သွား။ နောက်တော့ ကံဘဲ့ဘူတာနားမှာ ဂျလေဘီတွေ ကျင်လည်တဲ့ အခန်းလေးတွေ ရှိတယ်။ ကံဘဲ့ဘူတာရဲ့ ဘယ်ဘက်ခြမ်းမှာရှိတဲ့ အခန်းလေးတွေ။ မရှိဆင်းရဲသားဘဝတွေ နေရတဲ့ နေရာလေးတွေပေါ့။ အထပ်က နှစ်ထပ်။ ကျွန်တော်တို့က အောက်ထပ်မှာ နေရတယ်။ ကိုယ့်အိမ်မျက်နှာစာက သူများအိမ်ရဲ့ နောက်ဖေး ဖြစ်လိုဖြစ်နဲ့ နေရတာ။ စပေါ် ၅၀၀ ပေးရတယ်။ အဲဒီမှာ နေကြရတယ်။ ညားကာစကတော့ ဟိုနေ့ ဒီနေ၊ သူငယ်ချင်းတွေအိမ်မှာ လျှောက်နေနဲ့ ဖြစ်သလို နေကြရတယ်။ ဒါက ဗိုးစရိုက်တွေ ဖြစ်လာတဲ့ ကာလတွေပေါ့။

ရုပ်ရှင်လက်မှတ် မှောင်ခိုရောင်းရတာက အဖမ်းအဆီး ခဏခဏရှိတယ်။ ဖမ်းတာပဲ။ ရောင်းတာလည်း ရောင်းတာပဲ။ ကျောက်တံတားတို့၊ ပန်းဘဲတန်းတို့ဘက်က နယ်ထိန်းတွေကို ကြည့်နေရတာ။ ဆရာကြီးတွေကတော့ နယ်ထိန်းတွေကို လိုင်းကြေးပေးရတယ်။ ပပဝင်းက ပန်းဘဲတန်း

mgyoe.com

mgyoe.com SAMPLE BOOK


အပိုင်၊ ဒီဘက် ဆူးလေဘုရားလမ်း ကူးလာရင် အခု ဆာကူရာတာဝါက ကျောက်တံတားအပိုင်၊ သမ္မတရုံဘက်ကတော့ အပိုင်ရဲစခန်းက သတ်သတ် ဖြစ်သွားရော။ အဲဒီသုံးပွင့်ဆိုင် နယ်မြေမှာ လှုပ်ရှားရတာ။

ကျွန်တော် ပြဿနာတက်တာက ရန်ပွဲဗျ။ ရန်ဖြစ်တာ။ အဲဒီက အရန်ရဲတပ်သားတစ်ယောက်ကို ထိုးလိုက်တာကနေ စတာ။ သူက ကျွန်တော့်ကို ဖမ်းဖို့ ကုပ်ကိုဆွဲရင်း ဖြစ်ကြတာ။ သူ့ကို တွန်းထိုးပြီး ပပဝင်းရုံရှေ့က သံတန်းကို ကျော်ပြီး ရဲရင့်ရုံဘက်ကို ပြေးတော့ လွတ် သွားတယ်။ (အခုဆာကူရာတာဝါနေရာ ဖြစ်နေပြီပေါ့) နောက်နေ့ကျတော့ ကျွန်တော့်ကို လာစောင့်ဖမ်းတာပဲ။ လက်မှတ်မှောင်ခို ရောင်းမှန်း သိတော့ ပပဝင်းရုံရှေ့မှာ လာစောင့်နေကြတယ်။ ဒါပေမဲ့ မဖမ်းဘူးဗျ။ ရဲက လာညှိတယ်။ လမ်းကြောင်းလေး ဘာလေး၊ အထာလေး ဘာလေးထားဖို့ လာညှိတာပါ။ ကျွန်တော်က လိုင်းကြေးမပေးဘဲ လှုပ်ရှားနေတာကိုး။ အဲဒီမှာက စခန်းရဲဆိုတာ ရှိသလို၊ တိုင်းအရန်ရဲ ဆိုတာလည်း ရှိသေးတယ် ဗျ။ ပြောရရင် အကူလူငယ်တွေ ဆိုတာလည်း ရှိတယ်။။ သူတို့က လိုက် ဖမ်းပိုင်ခွင့်ရှိတယ်။ ကျွန်တော်က သူတို့ကြားထဲမှာပဲ ပြဿနာတွေ ဖြစ်တယ်။ ရှောင်ဟယ်၊ တိမ်းဟယ်၊ ရောင်းရယ်၊ ဝယ်ရယ်ပါပဲ။

ရုပ်ရှင်လက်မှတ် မှောင်ခိုရောင်းရင်းနဲ့ တစ်ရက်တော့ အဖမ်းခံ ရပြီး ရဲစခန်း ရောက်သွားတယ်။ ပထမဆုံးအခေါက်ဆိုတော့ ရုံးထုတ်ပြီး ဒဏ်ငွေဆောင်ပြီး ပြန်လွှတ်ပေးပါတယ်။ တစ်ညပဲ ရဲစခန်းမှာ အိပ်ရ တယ်။ နောက်တစ်ခါ အဖမ်းခံရတော့ သူတို့က ပပဝင်းရုပ်ရှင်ရုံထဲ ထည့်ထားတယ်။ ပြီးမှ စခန်းကို ခေါ်မှာ။ ကျွန်တော် အဲဒီမှာ ရုပ်ရှင်

mgyoe.com

mgyoe.com SAMPLE BOOK



အိမ်သာထဲကနေ တံခါးပေါက်လေးကို ကျော်တက်။ နောက်ဘက်ကနေ ကျော်တက်ရင်း ထွက်သွားတယ်။ နောက်ဖေးလမ်းကြားက ပြေးရတာ။ အဲဒီနားမှာ လက်ရွေးစင် လက်ဖက်ရည်ဆိုင်ရှိတယ်။ ဆိုင်နောက်ဖေး ပေါက်ကဝင်ပြီး ရှေ့ကနေ ပြန်ထွက်ရင် လမ်းမပေါ် ရောက်ပြီ။ အဲဒီလို ပြေးရတာ။ မဟုတ်ရင် ဒုတိယအကြိမ် ရဲစခန်းရောက်တဲ့အခါ တရားရုံး ထုတ်ရင် ထောင်ကျမှာ။ ဥပဒေက ရှိတယ်။ အဲဒါကြောင့် အဖမ်းမခံရ အောင် တော်တော်လေး သတိထားရတာပေါ့။ ပြန်တွေးကြည့်ရင် ဘဝက တော်တော်လေး ကြမ်းနေပြီ။ လူကလည်း ကြမ်းချင် ရမ်းချင်နေတော့ တာပဲ။ ကျင်လည်ရတဲ့ အလုပ်ကလည်း အမြဲပြဿနာကြားမှာ ဝမ်းစာ ရှာရတာဆိုတော့ စိတ်ကပါ ကြမ်းလာတော့တာပဲ။

တစ်ရက်ကျတော့ ကျွန်တော် ဘတ်စ်ကားတစ်စီးပေါ်ကို အလျှင်စလိုနဲ့ ပြေးတက်ရင်း ချာတိတ်တစ်ယောက်ရဲ့ ခြေထောက်ကို တက်နင်းမိတယ်ဗျ။ ကားက ဘူတာကြီးဘက်ကိုသွားတဲ့ ဘတ်စ်ကားပါ။ ကျွန်တော်က ပြေးတက်ရင်း နင်းလိုက်မိတာ။ ချာတိတ်က နည်းနည်းမူး နေတယ်။ သူ့ကို တက်နင်းမိတော့ ကျွန်တော့်ကို ပြဿနာရှာရော။ ကျွန်တော် သူ့ကို တောင်းပန်တယ်။ အရေးကြီးလို့ ကားပေါ် ပြေးတက်မိ တာလို့ ရှင်းပြတယ်။ အေးအေးဆေးဆေး တောင်းပန်တာကို မရဘူး။ ဘယ်လို ဘဲကြီးလဲ။ ဘာညာနဲ့ စွတ်ကောနေတော့ ကျွန်တော်လည်း ချာတိတ်ကို နည်းနည်းဖုလာတယ်။ မူးနေမှန်းလည်း သိတယ်။ သူက ဆက်ပြောနေတော့ ကဲ မင်း ဘာလုပ်ချင်လဲပေါ့။ အဲဒီမှာ ချာတိတ်က ခင်ဗျား ကားပေါ်က ဆင်းခဲ့ဆိုပြီး မီးပွိုင့်မှာ သူက အရင်ဆင်းလိုက်တယ်။

mgyoe.com